| | အကု | အကု | အရူ-ဘုံ၌လော၈၊မော၂ စေ၂၃ စိတ်စိတ် နာ-န္ဓာကို | ॥ | ---အစိတ်စိတ် နာ-န္ဓာ၊ |
| | ဗျာ | ဗျာ | ပဝတ္တိ ॰ အရူပဝိ၄၊ အရူပဘုံ၌-ခါ မနောဒွါ-ရှန်း မဟာကြိ၈၊ အရူပကြိ၄၊ ဖိုလ်၄၊ စေ၃၆ အစိတ်စိတ် နာ-န္ဓာ | ॥ | (ပဋိသန္ဓေ၊ ရုပ်သက်၂ သဟဇာတအတိုင်း) -- အစိတ်စိတ် နာ-န္ဓာ၊ |
| | | | ပဥ္စ-ခါ အရူပဝိ-၄ ဒွေပဥ္စ-၁၀၊ ရဟန္တာတို့ စုတိကြည်သောဝိ၂၂ ကြိ၂၀၊ စေ၃၈ စိတ်ပေါင်း | ॥ | စိတ္တဇရုပ် |
| နာသေဝန-နဝ(ကောက်၂၃၁) | ကု | ကု | မဟာကုပ-ဇော၊ စေ၃၈၊ စိတ်စိတ် နာ-န္ဓာ | ॥ | --- အစိတ်စိတ် နာ-န္ဓာ၊ |
| | ကု | ဗျာ | (လုံသဟဇာတနှင့် နာရမ္မဏနှင့်တူပြီ) | | (အကပဒ ၃-ချက်၊ ကုပဒနှင့်တူပြီ) |
| | ဗျာ | ဗျာ | ပဝတ္တိ ॰ ဟသိ, မဟာကြိပဇော, ရှန်းဒွေး ဝိ၃၆, စေ၃၈, စိတ်စိတ် နာ-န္ဓာ | ॥ | --- အစိတ်စိတ် နာ-န္ဓာ၊ ထိုနာမက္ခန္ဓာသည်ပြုအပ်-စိတ္တဇရုပ်၊ |
| | | | ပဥ္စ-ခါ ဟသိ, မဟာကြိဒုတိယာဒိဇော ဂုတ်ကြိ၉၊ စေ၃၅၊ စိတ်ပေါင်း နာ-န္ဓာ | ॥ | စိတ္တဇရုပ်၊ ပစ္စာဇာတကို လုံသဟဇာတ အတိုင်းထုတ်ကောက်ပါ။ |
| | | | (ပဋိသန္ဓေ - ရုပ်သက်သက်သဟဇာတ | | အတိုင်း၊ နောက် ၂-ပဒ-နာရမ္မဏအတိုင်း) |
| နကမ္မ တိဏ် | ကု | ကု | ကု၂၁၊ စေတနာကြဉ် စေ ၃၇၊ စိတ်ပေါင်းနာ-န္ဓာ | ॥ | ကုသိုလ်စေတနာ (ကောက်-၂၃၁) |
| | အကု | အကု | အကု ၁၂ ॥ စေ ၂၆ ॥ ॥ | ॥ | အကုသိုလ်စေတနာ |
| | ဗျာ | ဗျာ | ပဝတ္တိ ॰ ကြိ၂၀၊ စေကြဉ်စေ ၃၄ ॥ ॥ | ॥ | ကြိယာစေတနာ |
| | | | ရုပ် ॰ ဗာဟိရမဟာဘုတ်, အာ, ဥ-ဘုတ် | ॥ | ဘုတ်နှင့်တကွသောဗာ-ဥပါဒါ, အာ-ဥ-ဒါ |
| နဝိပါက | | | ကုပဒ-၃-ချက်၊ အကုပဒ-ဥ-ချက်၊ အနုလုံသဟဇာတအတိုင်းကောက် | | ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာ တို့ကို (လုံ၌ဟော၍ နိက်၌ဝိပါက်နှင့်ပဋိသန္ဓေမရ) |

http://www.dhammadownload.com



| | | | | | |
|---|---|---|---|---|---|
| န-ဝိပါက ၂၃ | ဗျာ | ဗျာ | ပဝတ္တိ ▪ ကြိ ၂၀-စေ၃၅၊ စိတ်စိတ် နာ-န္တာ<br>ရုပ် ▪ ပဋ္ဋ-ခါ ကု,အကု, ကြိ နာ-န္တာတို့သည်<br>ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်<br>ဗာ, အာ, ဥ, ည - ပဝတ္တိကမ္မဇမဟာဘုတ် | ။<br><br><br>။ | -စိတ်စိတ် နာ-န္တာ၊ ကြိပြု-သောစိ-ရုပ်<br>ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ<br>ဗာ, အာ, ဥ, ည, ပဝတ္တိကမ္မဇ<br>ဥပါဒါရုပ် |
| န-အာဟာရ | ဗျာ | ဗျာ | ရုပ် ▪ ဗာဟိရမဟာဘုတ်, ဥ, ည,<br>ပဝတ္တိကမ္မဇမဟာဘုတ်<br>(ဤ န အာဟာရ၌-သင်္ချာ-ဇော်) | ။ | ဘုတ်နှင့်တကွသောဗာဟိရဥပါဒါ,<br>ဥ, ည, ပဝတ္တိ - ဥပါဒါ။<br>(သုဒ္ဓသင်္ချာနှင့်ယှဉ်ကြည့်ပါ) |
| န-ဣန္ဒြိယ ၁ | ဗျာ | ဗျာ | ရုပ် ▪ ဗာဟိရမဟာဘုတ်, အာ, ဥ, မဟာဘုတ်<br><br>အသညဲ-ဘုတ်, ပဝတ္တိကမ္မဇ-ဘုတ် | ။<br><br>။ | ဘုတ်နှင့်တကွသောဗာဟိရဥပါဒါ,<br>အာ, ဥပါဒါရုပ်။<br>ရုပ်ဇီဝိတိန္ဒြေ။ |
| န-ဈာန (၂၃) | ဗျာ | ဗျာ | ပဝတ္တိ ▪ ဒွေပဉ္စဝိညာဉ်၁၀၊ သဗ္ဗစိတ္တစေ ၇-ခု၊<br>စိတ်စိတ် နာ-န္တာ<br>ရုပ် ▪ ဗာဟိရမဟာဘုတ်, အာ, ဥ, ည,<br>ပဝတ္တိကမ္မဇမဟာဘုတ် | ။<br><br><br>။ | -- စိတ်စိတ် နာ-န္တာ<br><br>ဘုတ်နှင့်တကွသော ဗာဟိရဥပါဒါ,<br>အာ, ဥ, ည-ပဝတ္တိ-ဒါ |
| | ဗျာ | ဗျာ | နဟေတု-အတိုင်း န မဂ္ဂ ကိုကောက်။(သမ္ပယုတ် | | ၅-ချက်လုံး နာရမ္မဏအတိုင်းကောက်ပါ) |
| န-ဝိပ္ပယုတ္တ - ၂၄ | | | ကု-ကု။ အကု-အကု ▪ နပုရေဇာတအတိုင်း | | ကောက်ပါ။ (သင်္ချာ တီကာ) |
| | ဗျာ | ဗျာ | ပဝတ္တိ ▪ အရူပဝိ ၄၊ ပဝတ္တိ ပဋိသန္ဓေ နာ-န္တာ<br>အရူပဘုံ၌-ခါ မနောဒွါ-မဟာကြိ ၈၊<br>အရူ-ကြိ ၄၊ ဖိုလ်၄၊ စေ ၃၆၊ စိတ်စိတ်နာ<br>ရုပ်သက်သက်-ဗာဟိရ-စသည်ဆိုပါ | <br><br>။ | <br><br>-- စိတ်စိတ် နာ-န္တာ<br>သုဒ္ဓသင်္ချာအတိုင်း။ |

## ပစ္စနိက် – အနက်ပေးပုံ

**နဟေတုပစ္စယာ - ဟေတုပစ္စယံ ဝိနာ အညေန ပစ္စယေန၊** ဟေတုပစ္စည်းကိုကြဉ်၍ တပါးသောပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာသဟဂတော၊ ဝိစိကိစ္ဆာနှင့်တကွဖြစ်ကုန်သော။ ဥဒ္ဓစ္စသဟဂတော၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဝိစိကိစ္ဆာသဟဂတော၊ ဝိစိနှင့်တကွဖြစ်သော။ ဥဒ္ဓ-တော၊ ဖြစ်သော။ မောဟော၊သည်။**နဟေတုပစ္စယာ-ဌပေတွာဟေတုပစ္စယံအညေဟိ အတ္တနော အနုရူပပစ္စယေဟိ၊** ဟေတုပစ္စည်းကိုထား၍ဟေတုပစ္စည်းမှတပါးကုန်သော မိမိအားလျောက်ပတ်သော ပစ္စည်းတို့ကြောင့်။ဥပ္ပဇ္ဇတိ၊ ၏။

**မှတ်ချက်**။ ဤပစ္စနိက်ရှိ န ဟေတုစသည်၌ န,သည် **အညဲ**-အနက်ကိုဟော၏။ ထို့ကြောင့် **နဟေတု** ၌ ဟေတုပစ္စည်းမှတပါး ကျန် ၂၃-ပစ္စည်းကိုယူရမည်။(ဟိတ်ပါဠ်ကောက်နည်း ၈၄-၌ရှုပါ) (ကောက် ၂၃၆)

## ဆဝါရ ဝိဘင်္ဂပစ္စနိက် ဟိတ်ပါဠ်ကောက်ပုံ

အနုလုံဟိတ်ပါဠ်ကောက်များမှာ မိမိတို့၏ဆိုင်ရာဆိုင်ရာသတ္တိကိုသာ ကောက်ခဲ့၏။ ဤပစ္စနိက်၌ကား **"နဟေတုပစ္စယာ"** ဟုဆိုသဖြင့် ဟေတုသတ္တိမှတပါးသော အာရမ္မဏအစရှိသော (၂၂) ပစ္စည်းတို့၏သတ္တိကို ရသင့်သလိုကောက်ရမည်။

မှတ်ချက် ▪ ပဋိစ္စစသော ရှေ့၄-ဝါရကို **'စတုဝါရ'**၊ နောက် သံ သမ်၂-ဝါရကို **'ဒွေဝါရ'** ဟုခေါ်သည်။

http://www.dhammadownload.com



## ပစ္စနိက် ဟိတ်ပါဠိကောက်နည်း

၁။ (၂၃)ပစ္စည်းအားဖြင့် ကောက်နည်း
၂။ မျိုးအားဖြင့်ကောက်နည်း ဟူ၍ (၂)နည်းရှိ၏။

<u>သဘောမှာကား</u>။ ။ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သမျှသောပစ္စည်းတို့၏သတ္တိကို သုဒ္ဓသင်္ချာ ကြည့်၍ ကောက်ရမည်။ သုဒ္ဓသင်္ချာကိုကြေညက်ခြင်း, ပဉှာဝါရက ကတ္တားကောက်ထားခြင်း၊ ကြံဆခြင်းရှိပါမှ ဆဝါရက အနုလုံဟိတ်ပါဠိ ကောက်များသဘောကိုမိနိုင်မည်။

ယခုမှတ်ချက်များကိုဖတ်၍ အောက်နှာ ၂၂၀-မှစ၍ ကြည့်ရှုလေ့လာပါ။

(ကောက်ပုံ) "နဟေတုပစ္စယာ"ဟူသော ဟိတ်ပါဠိ၏အရကား - ဟေတုပစ္စည်းကိုထား၍ တပါးသောပစ္စည်းတို့၏ ယထာရဟသတ္တိရ၏။ တနည်းကား . စသည်။ (ဤသို့ နသဒ္ဒါအညအနက်ဟော၍ န,မြစ်သော ဟိတ်မှတပါး ကျန်ပစ္စည်းများကို (ပထမနည်း)ကောက်ပါ။ ဒုတိယနည်းကို မျိုးအားဖြင့်ကောက်ပါလေ။

### ဆဝါရ နှင့် ပဉှာဝါရ ဟောပုံနည်းပြ

**ပဋိစ္စ** ။ ။ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယော ခန္ဓေပဋိစ္စ ဧကောခန္ဓော၊
ဒွေ ခန္ဓေ <u>ပဋိစ္စ</u> ဒွေခန္ဓာ။

**သဟဇာတ**။ ။ ကုသလံ ဓမ္မံ (<u>သဟဇာတော</u>) ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ (<u>သဟဇာတာ</u>) တယောခန္ဓာ၊ တယော ခန္ဓေ (သဟဇာတော)
ဧကော ခန္ဓော၊ ဒွေ ခန္ဓေ (<u>သဟဇာတာ</u>) ဒွေ ခန္ဓာ။

**ပစ္စယ** ။ ။ ကုသလံ ဓမ္မံ (<u>ပစ္စယာ</u>) ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ (<u>ပစ္စယာ</u>) တယောခန္ဓာ၊ တယော ခန္ဓေ (ပစ္စယာ)
ဧကော ခန္ဓော၊ ဒွေ ခန္ဓေ (<u>ပစ္စယာ</u>) ဒွေ ခန္ဓာ။

**နိဿယ** ။ ။ ကုသလံ ဓမ္မံ (<u>နိဿာယ</u>) ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ (<u>နိဿာယ</u>) တယောခန္ဓာ၊ တယော ခန္ဓေ (နိဿာယ)
ဧကော ခန္ဓော၊ ဒွေ ခန္ဓေ (<u>နိဿာ</u>ယ) ဒွေ ခန္ဓာ။

**သံသဋ္ဌ** ။ ။ ကုသလံ ဓမ္မံ (<u>သံသဋ္ဌော</u>) ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ (<u>သံသဋ္ဌာ</u>) တယောခန္ဓာ၊ တယော ခန္ဓေ (သံသဋ္ဌော)
ဧကော ခန္ဓော၊ ဒွေ ခန္ဓေ (<u>သံသဋ္ဌာ</u>) ဒွေ ခန္ဓာ။

**သမ္ပယုတ္တ**။ ။ ကုသလံ ဓမ္မံ (<u>သမ္ပယုတ္တော</u>) ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ (<u>သမ္ပယုတ္တာ</u>) တယောခန္ဓာ၊ တယော ခန္ဓေ (သမ္ပယုတ္တော)
ဧကော ခန္ဓော၊ ဒွေ ခန္ဓေ (<u>သမ္ပယုတ္တာ</u>) ဒွေ ခန္ဓာ။

**ပဉှာဝါရ**။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ဝိဘ)
ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ (အနုဝါဒ)
(ဤသို့ စသည်ဖြင့် ဝါရအလိုက်ဟောပုံကို သတိပြုပါ၊ ပဉှာဝါရ ဟောပုံကိုလည်းသတိပြု)

http://www.dhammadownload.com


## ပစ္စယဝါရ ပစ္စနိက် ကတ္တားကောက် (ကောက်-၂၈၃)

(အကု-အကု ၌ ပဋိစ္စအတိုင်းဟောပြီးကောက်၍၊ ဝတ္ထုကံနေရာ၌လည်း(ပါဠိ ၈၆ ဇယား)ပါအတိုင်းဟော၍ နာ၈၇အတိုင်း စက္ခုဝတ္ထု စသည့် ဝတ္ထုရုပ်များကို ကောက်ရန်ဖြစ်သည်။ (နမူနာကောက်ပြပါမည်)

### ပစ္စယဝါရ ပစ္စနိက် ဝိဘင်္ဂဝါရ ကတ္တားအကောက် ဇယား (ကောက် ၂၈၃)

| ပဒ | ဝသာန | ကံ = (ပစ္စည်း) | | ကတ္တား = ပစ္စယုပ္ပန် |
|---|---|---|---|---|
| ဝတ္ထု ဗျာ | ကံ ဗျာ | ပုရေနိ = မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု(-) | ဝိုင်း(၁)နှံ-ပစ္စည်းဖြစ်ကြသော | စက္ခုဝိ-ဒွေ၊ သင်္ဂစိတ္တ - စေ-၇ အစိတ်အပေါင်းနာမက္ခန္ဓာ၊(ကာ-ဝိ ၂) |
| | | ပုရေနိ = ပဋိသန္ဓေ. အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ရဏာသန္နအခါစုတိစိတ်မှပြန်ရေသော် ၁၇-ချက်--အတူပါဒ် - ဟဒယဝတ္ထု | | ပဥ္စ-ဓါ အရူပ ၄ခု၊ (ဒွေပဉ္စဝိ - ၁၀ကြဉ် ပဥ္စဝေါ-ဘုံ ဓါ ဒွေပဉ္စဝိညာဉ်၁၀ကြဉ် သော ပဍ္စမဘဝင်အစရှိသော အဟိတ် ဝိပါက်၊ အဟိတ်ကြိယာ၊ ဆန္ဒကြဉ် အည-၁၂ အစိတ်အပေါင်းနာမက္ခန္ဓာ |
| ဗျာ | အကု | ပုရေနိ = ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ --ဟဒယဝတ္ထု၊ မရဏာသန္နအခါ -- ဟဒယဝတ္ထု | ။ | ဝိစိကိစ္ဆာ-ဂုတ်၊ ဥဒ္ဓစ္စ-ဂုတ်၌ရှိသော မောဟ။ |
| ဗျာ | အကုဗျာ | သ နိ = ဝိစိကိစ္ဆာ-ဂုတ်၊ ဥဒ္ဓစ္စ-ဂုတ်၊ စေ-၁၄၊ အစိတ်အပေါင်းနာမက္ခန္ဓာ ကို (သ)။ | | ဝိစိကိစ္ဆာ-ဂုတ်၊ ဥဒ္ဓစ္စ-ဂုတ်၌ရှိသော မောဟ။ |
| | | ပုရေနိ = ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း။ ပ။ ဟဒယဝတ္ထု မရဏာသန္နအခါ -- ဟဒယဝတ္ထု | ။ | (ကျန်အကောက်များကိုနည်းယူကာ ကောက်ပါလေ)(ကောက်-နာမိ-၂၈၄) |

**<u>ပစ္စယဝါရ ပါဠိထုတ်နည်းအညွှန်း</u>** -- 'သင်္ချာ သတ္တရသ'

ဤပစ္စယနှင့်နိဿယ ၂-ဝါဒအတွက် ပဉှာဝါရက နိဿယပစ္စည်းကိုဟောကြောင်းဖော်ပြခဲ့ပြီ။ ထိုနိဿယသည် သဟနိ၊ ပုရေနိ၊ သဟပုရေမိဿကနိ-ဟူ၍ ၃-မျိုးကိုဟော၍ ဤဝါရအတွက် သဟနိဆိုင်ရာ သင်္ချာ ၉-ချက်လုံး၌ပဋိစ္စအတိုင်းဟောပါ။ ပုရေနိဆိုင်ရာ ပဉှာဝါရ'ဝတ်ပုသုဒ္ဓသင်္ချာ' **"ဆဝတ္ထု ပစ္စည်းတရား"** များ၏ ကျေးဇူးပြုသောတရားများမှာ ဤဆဝါရ သုဒ္ဓသင်္ချာဖြစ်၍ (သဟပုရေမိဿကပါပေါင်းလျှင်)သင်္ချာ **"သတ္တရသ"** ဖြစ်လာရသည်။

<u>ပဒ-ပဒါဝသာနယူပုံသတိပြု၊</u> ဤဆဝါရသုဒ္ဓသင်္ချာတွင် ပဉှာဝါရပစ္စည်းတရားက ကျေးဇူးပြုသော တရားများ မည်မျှပါဝင်သည်ကို သတိပြုမှသာ ပဒ-ပဒါဝသာနယူပုံကိုသဘောကျမည်။

တစ်ဘက်ပါ ဇယားမှာ ပုရေနိ၊ သဟပုနိ ၂-မျိုးအတွက် **"ဝတ္ထုကံ"**ဆိုင်ရာအတွက်သာ ဖော်ပြထားသည်။

ဒွေပဉ္စဝိညာဉ် ၁၀-ရမှသာ **"စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ"** စသည်ကိုဆိုပါ။ သုဒ္ဓသင်္ချာတွင် ဒွေပဉ္စ ၁၀-မပါသော (ဟေ, ဓိ, အာသေ, ဈာန, မဂ္ဂ)ပစ္စည်းများ၌ ပဋိ-သံ-ကံရုပ်သာရ၍ ဟဒယဝတ္ထု ကိုသာ ဟောရကား **"ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာ ဗျာကတာခန္ဓာ"** စကားရပ်မှစ၍ဆိုပါ။ (သုဒ္ဓသင်္ချာ၌ပါမှသာ ဆိုင်ရာ-ဝိ-ကြိ-စသည်တို့ဟောပါ)

နာမ်သက်သက်သာဟောသောပစ္စည်းများ၌ ပစ္စယုပ္ပန်ကတ္တားဘက်၌ ရုပ်ပါသောပဒများမရပါ။

http://www.dhammadownload.com



ပစ္စယဝါရ အနုလုံထူးရာ ပါဠိတော်။ (ဗျာ-ဗျာ ၌ရုပ်သက်သက်ပြီးမှဆက်ဟောပါ) (ပါဠိ-၆၉)

| | ပဒ | ဝသာန | ဝတ္ထု ◦ ကံ ◦ (ပစ္စည်း) | ပစ္စယာ | ကတ္တား (ပစ္စယုပ္ပန်) |
|---|---|---|---|---|---|
| ၇ | ဗျာ | ဗျာ | စက္ခာယတနံ ။ ပ ။ ကာယာယတနံ | ။ | စက္ခုဝိညာဏံ ။ပ။ ကာယဝိညာဏံ |
| | | | (ဟေတု-စသည်) ဝတ္ထုံ | ။ | ဝိပါကာဗျာကတာ ကြိ-ဗျာကတာခန္ဓာ |
| ၈ | ။ ✓ | ကု | ။ | ။ | ကုသလာ ခန္ဓာ |
| ၉ | ။ ✓ | အကု | ။ | ။ | အကုသလာ ခန္ဓာ |
| ၁၀ | ။ | ကုဗျာ | ။ / မဟာဘူတေ | ။ | ကုသလာခန္ဓာ/စိတ္တသမုဋ္ဌာနံ ရူပံ |
| ၁၁ | ။ | အကုဗျာ | ။/ ။ | ။ | အကုသလာခန္ဓာ/စိတ္တသမုဋ္ဌာနံ ရူပံ |
| ၁၂ | ကုဗျာ ✓ | ကု | ကုသလံ ၁ ၃ ၂ စ ဝတ္ထုံစ | ။ | ၃ ၁ ၂ |
| ၁၃ | ။ | ဗျာ | ကုသလေ ခန္ဓေစ မဟာဘူတေစ | ။ | စိတ္တသမုဋ္ဌာနံ ရူပံ |
| ၁၄ | ။ | ကုဗျာ | ကုသလံ ၁ ၃ ၂ စ ဝတ္ထုံ စ | ။ | ၃ ၁ ၂ |
| | | | ကုသလေ ခန္ဓေစ မဟာဘူတေစ | ။ | စိတ္တသမုဋ္ဌာနံ ရူပံ |
| ၁၅ | အကုဗျာ ✓ | အကု | အကုသလံ ၁ ၃ ၂ စ ဝတ္ထုံ စ | ။ | ၃ ၁ ၂ |
| ၁၆ | ။ | ဗျာ | အကုသလေ ခန္ဓေစ မဟာဘူတေ စ | ။ | စိတ္တသမုဋ္ဌာနံ ရူပံ |
| ၁၇ | ။ | အကုဗျာ | အကုသလံ ၁ ၃ ၂ စ ဝတ္ထုံ စ | ။ | ၃ ၁ ၂ |
| | | | အကုသလေ ခန္ဓေစ မဟာဘူတေ စ | ။ | စိတ္တသမုဋ္ဌာနံ ရူပံ |

**ဟေတု-ဗျာ-ဗျာ** ◦ ရုပ်သက်သက်အဆုံး၌ - ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ။

**မှတ်ချက်။** ဤပစ္စယဝါရ ဝိဘင်အသွားများ ပဋိစ္စအသွားအတိုင်း၌ (ပစ္စယာ)ဟု ဝါရသို့လိုက်၍ ထုတ်ရသည်။ (ကု-ပဒ ၃-ချက်၊ အကုပဒ ၃-ချက်ကို ပဋိစ္စအတိုင်းဟော)။ ကျန်သင်္ချာများကို ဤဇယားရှိ အညွှန်းအတိုင်းဆက်ဟောပါ။ ဤမျှလောက်ဆိုလျှင် ဆဝါရ အနုလုံ ပစ္စနိက်ဝိဘင်းဟောနည်းများ သိလောက်ပြီ။

<u>အရကောက်</u> ပုရေဇနိအတွက် "ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော" ဟုဆိုပါ။ ✓ အရကောက်ရန်ပြ

သဟဇနိအတွက် "သဟဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော" ဟုဆိုပါ။

လာမည့်စာမျက်နှာများ၌ ပါဠိဇယားနှင့်အရကောက်ဇယားတို့ဖော်ပြချက်ကို ယှဉ်ကြည့်ပါ။

နမူနာအကောက်များ ---

ကု-ကု ကုသလောဓမ္မော - ဟူသော ကတ္တားပုဒ်၏အရကား ကု ၂၁၊ စေ ၃၈၊ အစိတ်အစိတ်နာမက္ခန္ဓာကို "သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော" ကု ၂၁၊ စေ ၃၈၊ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ (ကောက်-၂၆၄)

ကု-ဗျာ ကတ္တားကား - ပဠ-ခါ ကု ၂၁၊ စေ ၃၈ အစိတ်အပေါင်းနာမက္ခန္ဓာကို "သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော" စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

**အမှာ** ပဋိစ္စဝါရနှင့်တူသော ပဒ, ပဒဝသာနများ၌ အထက်ပါညွှန်ကြားချက်များနှင့် ဆဝါရအစ ကတ္တား ကောက်ဇယားအောက်တွင် ဝါရအလိုက်ဆိုရိုးများကို သိရှိရန်ဖြစ်သည်။

ဟိတ်ပါဠိ ◦ ဤပစ္စယဝါရဟိတ်ပါဠိအရမှာလည်း ပဋိစ္စဝါရအတိုင်းပင်ဖြစ်သည်။ (ကောက်-၂၆၄)

**ဤပစ္စယဝါရ+နိဿယဝါရ၂-ဝါရကား <u>သဟဇနိ, ပုရေဇနိ</u> နှစ်ပါးရကောင်းသည်ကိုရည်၍ဟောတော်မူသည်။

http://www.dhammadownload.com



ပစ္စယဝါရ အနုလုံ ဝိဘင်္ဂဝါရ ကတ္တားအကောက် ယေား (ကောက်–၂၆၃)

| ပဒ | ဝသာန | ကံ - (ပစ္စည်း) | | ကတ္တား - ပစ္စယုပ္ပန် |
|---|---|---|---|---|
| ဗျာ | ဗျာ | ပုရေနိ - မဗ္ဗိမာယုကဖြစ်၍ အတိတဘဝင်နှင့်<br>ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု<br>(မရဏာသန္နအခါ) (ပ) ကာယဝတ္ထု<br>ပုရေနိ - ပဋိသန္ဓေ. အစရှိသော ရှေးရှေးသော<br>စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊<br>နိရောဓ-မှထသောအခါ နာ-ဖိုလ်, ရ-ဖိုလ်<br>အားတပ်သော ရှေ့စိတ္တက္ခဏတချက်ခန့်<br>ကာလ၌ဖြစ်သော ဟဒယဝတ္ထု (ကတ္တား၌<br>နာဖိုလ်၊ ရ-ဖိုလ်ပါမှဆို)<br>မရဏာသန္နအခါစုတိစိတ်မှပြန်ရေသော်<br>၁၇-ချက်--အတူပါဒ် - ဟဒယဝတ္ထု | (ဥ-) (ဉ-) နိဿယပစ္စည်းကြောင့်ဖြစ်သော | စက္ခုဝိ-ဒွေ၊ သဝ္ဝစိတ္တ - ဓေ-၇<br>အစိတ်အပေါင်းနာမက္ခန္ဓာ၊<br>(ပ) ကာယဝိ - ဒွေ။<br>ပဉ္စ-ဒါ အရူပ ၄ခု၊ (ဒွေပဉ္စဝိ - ၁၀ကြဉ်<br>သော နောက်၂သော ဝိ၂၂၊ ကြိ-၂၀)<br>စေ ၃၈အစိတ်အပေါင်းနာ-ခန္ဓာ၊<br>(လက်သည်းကွင်း၌သုဒ္ဓသချာမှီ၍ဆိုပါ)<br>ဟေတု-၌ ပဉ္စ-ဒါ၊ အရူပ၄ကြဉ်သော<br>သဟိတ်ဝိ၁၇၊ သဟိတ်ကြိ ၁၇၊<br>စေ ၃၈၊ စိတ်ပေါင်း နာ-ခန္ဓာ။ |
| ဗျာ | ကု | ပုရေနိ - ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစရှိသော<br>ရှေးရှေးသောစိတ်နှင့်အတူ --ဟဒယာဝတ္ထု၊<br>မရဏာသန္နအခါ -- ဟဒယဝတ္ထု၊ | ။ | ပဉ္စ-ဒါ ကု ၂၁၊ စေ ၃၈၊ စိတ်ပေါင်း<br>နာ-ခန္ဓာ<br>(ဗျာ-အကုကို၊ ဗျာ-ကု မှီ၍ဆိုပါ) |
| ဗျာ | ကုဗျာ | ပုရေနိ - ဝုဋ္ဌော, မနောဒွါ--- ဟဒယာဝတ္ထု<br>မရဏာသန္နအခါ -- ဟဒယာဝတ္ထု၊<br>သဟနိ - ထို နာ-ခန္ဓာသည် ပြုအပ်သောမဟာဘုတ် | ။<br>သ | ကု ၂၁၊ စေ ၃၈၊ စိတ်ပေါင်း<br>နာ-ခန္ဓာ<br>စိတ္တဇရုပ် |
| ကုဗျာ | ကု | သဟနိ - ပဉ္စ-ဒါကု ၂၁၊ စေ ၃၈၊ စိတ်စိတ် နာ-ခန္ဓာ<br>ပုရေနိ - ဝု၊ မနောဒွါ -- ဟဒယဝတ္ထု၊<br>မရဏာသန္နအခါ -- ဟဒယဝတ္ထု၊ | သ။<br>ပု | ကု ၂၁၊ စေ ၃၈၊<br>အစိတ် (အစိတ်) နာ-ခန္ဓာ |
| ကုဗျာ | ကုဗျာ | သဟနိ - ပဉ္စ-ဒါ၊ ကု ၂၁၊ စေ ၃၈၊ စိတ်စိတ်နာ-ခန္ဓာ<br>ပုရေနိ - ဝု၊ မနောဒွါ -- ဟဒယဝတ္ထု၊<br>မရဏာသန္နအခါ -- ဟဒယဝတ္ထု၊<br>သဟနိ - ထိုနာမက္ခန္ဓာသည်ပြုအပ်သောမဟာဘုတ် | သ။<br>ပု<br>သ | ကု ၂၁ - စေ ၃၈၊ စိတ်စိတ်နာ-ခန္ဓာ<br>စိတ္တဇရုပ် |

အထက်ပါဇယား၌ အောက် ၄-ချက်မှာ ကု-ပဒဖြစ်၍၊ ထိုနည်းတူ အကု-ပဒ ၄-ချက်ဟောပါ။ ဤ၈-ချက်မှာ ပဋိစ္စထက်ပိုသောသချာများဖြစ်သည်။ (၉ + ၈ - ၁၇-ချက် သည် ပစ္စယဝါရ အတွက်ဖြစ်သည်)

## ခန္ဓာဝါရဖွဲ့ခြင်း

ခန္ဓာဝါရဟူသည် - ပစ္စည်းဘက်, ပစ္စယုပ္ပန်ဘက်တစ်လှည့်စီအလှည့်ကျခန္ဓာတို့ကို ရေတွက်ခြင်းကို "ခန္ဓာဝါရဖွဲ့သည်"ဟုဆိုသည်။ တစ်ဘက်ပါဇယား၌ ဧကက ၄-ဝါရတွင် ကော်ခန့်-ပစ္စည်းအရ-နာမ်ခန္ဓာ ၄-ပါး တစ်လှည့်စီထား၍ရေတွက်သည်။

ထို့အတူ တိက ၄-ဝါရ၊ ဒုက ၆-ဝါရတို့၌လည်း ပစ္စည်းဘက်၌ ၃-ပါးစီ၊ ၂-ပါးစီလှည့်ကာလှည့်ကာ ရေတွက်သည်။ (ဤဧကက, တိက, ဒုက၌ အစိတ်သာဖြစ်၏၊ စတုက္ကပါမှအပေါင်းဖြစ်သည်)

ဤခန္ဓာဝါရရေတွက်ခြင်းဖြင့် "အစိတ်-အပေါင်း" အတွက် ခွဲခြားပြီးတိကျစွာသိနိုင်သည်။

http://www.dhammadownload.com



## ခန္ဓာဝါရ ပြဇယား

| | ခန္ဓေ (နာမ်ခန္ဓာ ၄-ပါး) | | | | | စိတ္တသမုဋ္ဌာန် ရုပ် | | | | ဝါရ အရေတွက် | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဧကက ၄-ဝါရ | ဧကံ ခန္ဓံ | တယော ခန္ဓာ | | | ဧကက ၄-ဝါရ | ဧကံ မဟာဘူတံ | တယော မဟာဘူတာ | | | | |
| | ဝေ | သဉ် | သင် | ဝိဉ် | | ပ | အာ | တေ | ဝါ | ၁၅ | ၁၄ |
| | သဉ် | သင် | ဝိဉ် | ဝေ | | အာ | တေ | ဝါ | ပ | ၁၅ | ၁၄ |
| | သင် | ဝိဉ် | ဝေ | သဉ် | | တေ | ဝါ | ပ | အာ | ၁၅ | ၁၄ |
| | ဝိဉ် | ဝေ | သဉ် | သင် | | ဝါ | ပ | အာ | တေ | ၁၅ | ၁၄ |
| တိက ၄-ဝါရ | တယော ခန္ဓေ | | | ဧကော ခန္ဓော | တိက ၄-ဝါရ | တယော မဟာဘူတေ | | | ဧကံ မဟာဘူတံ | | |
| | ဝေ | သဉ် | သင် | ဝိဉ် | | ပ | အာ | တေ | ဝါ | ၁၅ | ၁၄ |
| | သဉ် | သင် | ဝိဉ် | ဝေ | | အာ | တေ | ဝါ | ပ | ၁၅ | ၁၄ |
| | သင် | ဝိဉ် | ဝေ | သဉ် | | တေ | ဝါ | ပ | အာ | ၁၅ | ၁၄ |
| | ဝိဉ် | ဝေ | သဉ် | သင် | | ဝါ | ပ | အာ | တေ | ၁၅ | ၁၄ |
| ဒုက ၆-ဝါရ | ဒွေ ခန္ဓေ | | ဒွေ ခန္ဓာ | | ဒုက ၆-ဝါရ | ဒွေ မဟာဘူတာ | | ဒွေ မဟာဘူတာ | | | |
| | ဝေ | သဉ် | သင် | ဝိဉ် | | ပ | အာ | တေ | ဝါ | ၁၅ | ၁၄ |
| | ဝေ | သင် | သဉ် | ဝိဉ် | | ပ | တေ | အာ | ဝါ | ၁၅ | ၁၄ |
| | ဝေ | ဝိဉ် | သဉ် | သင် | | ပ | ဝါ | အာ | တေ | ၁၅ | ၁၄ |
| | သဉ် | သင် | ဝေ | ဝိဉ် | | အာ | တေ | ပ | ဝါ | ၁၅ | ၁၄ |
| | သဉ် | ဝိဉ် | ဝေ | သင် | | အာ | ဝါ | ပ | တေ | ၁၅ | ၁၄ |
| | သင် | ဝိဉ် | ဝေ | သဉ် | | တေ | ဝါ | ပ | အာ | ၁၅ | ၁၄ |
| စတုက္က | နာမ်ခန္ဓာ ၄ပါးလုံး အပေါင်း | | | | စတုက္က | မဟာဘူတ် ၄ ပါးအပေါင်း | | | | | |
| | ဝေ | သဉ် | သင် | ဝိဉ် | | ပ | အာ | တေ | ဝါ | ၁၅ | ၁၄ |

| | |
|---|---|
| ကု - ကု | ၁၄ |
| ကု - ဗျာ | ၂၂၅ |
| ကု - ကုဗျာ | ၂၁၀ |
| ရုပ် - ၁ခု | ၁၅ |
| အကုပဒနည်းတူ | |

ခန္ဓာဝါရရေတွက်ရန်

**ဆောင်** ။ နာမ်နာမ်ဆယ့်လေး၊ နာမ်ရုပ်တွေး၊ ဒွေးဒွေးပဥ္စသာ။
နာမ်နှင့်နာမ်ရှု တွေ့ကြုံမှု၊ မှတ်ယူနှစ်ရာ့တစ်ဆယ်သာ။
ခန္ဓာဝတ္ထု၊ ရုပ်စုစု၊ မှတ်ရှုဆယ့်ငါးသာ။

ခန္ဓာဝါရအတွက် လေ့လာရန်မှာ (ကောက်နှာ ၆၅မှစ၍) သချာအလိုက်ဇယား, လင်္ကာ, အရကောက်များဖြင့် တွဲဖက်လေ့လာပါ။ ကု-ကု (အကု-အကု) စသောနာမ်နာမ် - ၁၄-၌ ဧကက ၄ဝါရ၊ တိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ ပေါင်း ၁၄-ဝါရ-ဤမျှသာရနေလျှင် နာမ်ခန္ဓာ ၄-ပါးလုံးပစ္စည်းဘက်မရရှိသေး၍ (နာမ်ခန္ဓာအချင်းချင်း) အစိတ်အစိတ်မျှသာရသေးသည်။ နာမ်ခန္ဓာ ၄-ပါးအပေါင်း (ပစ္စည်း)က ရုပ် (ပစ္စယုပ္ပန်)အား ကျေးဇူးပြုပါက (အစိတ်အပေါင်း)ဖြစ်သည်။

http://www.dhammadownload.com



## ဆဝါရ အနုလုံ ခန္ဓာဝါရပြ ဇယား

| ပစ္စည်းအမည် | ကုပဒ - ၃ | | | ဗျာပဒ-၁၅ (ဗျာ - ဗျာ) | | | | | | | | | | | ကုဗျာ ပဒ-၃ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (ကုပဒနှင့်အကုပဒ၊ ကုဗျာပဒနှင့်အကုဗျာပဒ တူပြီ) | ဥ / ဥ | ဝိ / ဥ | ဝိဥ / ဥ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ဥ / ဝိ | အဥ / = | ဝိဥ / = | အဝိဥ / = | ဥ / ဝိဥ | အဥ / = | ဝိဥ / = |
| ဟေတု၊ ဈာန၊ မဂ္ဂ | ၁၄ | ၂၂၅ | ၂၁၀ | ၂၁၀ | ၂၁၀ | ၁၅ | ၁၅ | ၃၀ | | ၁၅ | ၁၅ | ၁၅ | ၃၀ | ၃၀ | ၁၄ | ၂၂၅ | ၂၃၉ |
| အာရမ္မဏာဒိ-၇ | ။ | | | ၁၄ | ၁၄ | | ။ | | ၇၅ | ။ | ။ | ။ | | | ။ | | |
| အဓိပတိ | ။ | ။ | ။ | ၂၁၀ | | | | ၁၅ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| သဟကြီး - ၄ | ။ | ။ | ။ | ။ | ၂၁၀ | ။ | ။ | ၁၀၅ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| အညမည | ။ | | | ၁၄ | ၁၄ | ။ | ။ | ၉၈ | ။ | ။ | ။ | ။ | | | ။ | | |
| ပုရေဇာတ | ။ | | | ။ | | | | | ။ | ။ | ။ | ။ | | | ။ | | |
| အာသေဝန | ။ | | | ။ | | | | | | ။ | ။ | ။ | | | ။ | | |
| ကမ္မ/ဣန္ဒြိယ | ။ | ။ | ။ | ၂၁၀ | ၂၁၀ | ။ | ။ | ၆၀ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ဝိပါက | | | | ။ | ။ | ။ | ။ | ၃၀ | ။ | ။ | | | | | | | |
| အာဟာရ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၄၅ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ဝိပ္ပယုတ္တ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၃၀ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |

### ခန္ဓာဝါရ ရေတွက်နည်းရှင်းပြချက်များ

နာမ်နာမ် ၁၄-အတွက် ဖော်ပြခဲ့ပြီ။ မဟာဘုတ်၌ ဧကက ၄-ဝါရ စသည်တို့ကိုလည်း နာမ်ခန္ဓာချင်း အတိုင်း ဇယားကြည့်၍ သိနိုင်လောက်ပြီ။

(ကု-ဗျာ) ၂၂၅-ဝါရ ရေတွက်ပုံ - ခန္ဓာဝါရပြဇယားနှင့် (ကောက်၆၇) တို့ယှဉ်ထားပြီးကြည့်ပါ။

"ပထဝီမဟာဘုတ်စိတ္တဇရုပ်"၌ ၁၅-ဝါရ။ အာ, တေ, ဝါ တို့၌လည်း ၁၅-ဝါရစီရှိ၍ -

| | | | |
|---|---|---|---|
| ဧကက၌ ၆၀ | | ဝါရ (ဇယားနှင့်ယှဉ်ကြည့်) | |
| တိက၌ | ၆၀ | ဝါရ | ။ |
| ဒုက၌ | ၉၀ | ဝါရ | ။ |
| စတုက္က၌ | ၁၅ | ဝါရ | ။ |
| ပေါင်း | ၂၂၅ | ဝါရဖြစ်သည်။ | |

(ဧကကရှိ) "ပထဝီမဟာဘုတ် စိတ္တဇရုပ်"၌ ၁၅-ဝါရဟူသော်ကား --- ဧကက ၄-ဝါရ၊ တိက-၄-ဝါရ၊ ဒုက-၆-ဝါရ၊ စတုက္က-၁-ဝါရ အားဖြင့် ၁၅-ဝါရ။ ထိုတွင် "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ၌ "ကုသလေ ခန္ဓေ"အရကို 'ဝေဒနာ' ယူ၍ "စိတ္တသမုဋ္ဌာနံ ရူပံ" ၏အရကို 'ပထဝီမဟာဘုတ် စိတ္တဇရုပ်'ယူ၍ ၁-ဝါရ၊ ဤသို့ သဉ်, သင်, ဝိဉ်တို့ကို တလှည့်ယူ၍ (စိတ္တသမုဋ္ဌာနံရူပံ-၏အရကို ၁၅ကြိမ်လုံး - ပထဝီမဟာဘုတ်စိတ္တဇရုပ် ချည်းယူပါ။) ဤသို့ ဧကက-၄-ဝါရ၊ ဤကဲ့သို့တိက, ဒုကတို့၌လည်း နာမ်ဘက်က (ဇယားပါအတိုင်း) လှည့်ကာ ယူ၍ ရုပ်ဘက်က ပထဝီ-ဘုတ်စိတ္တဇရုပ်ကောက်ပါ။ စတုက္က၌-နာမ်ခန္ဓာ၄ပါးလုံး (အပေါင်း)ယူ၍ ရေတွက် ပါက 'ပထဝီမဟာဘုတ်စိတ္တဇရုပ်'၌ ၁၅-ဝါရ စသည်ဖြင့် ဧကက၌ ဝါရ-၆၀- ရရှိသည်။ ဆက်လက်၍ တိက, ဒုကတို့၌လည်း နာမ်ဘက်က ဧကကရေတွက်သလိုသာရေတွက်ပါက များစရာမရှိပြီ။

http://www.dhammadownload.com


စတုက္က ၁၅-ဝါရ၌လည်း။ နာမ်ဘက်က ဧကကစသည်ဖြင့် ရှေ့ကရေတွက်သလိုရေ၍ နောက်ဆုံးအချက် မှာတော့ နာမ်ဘက်က ခန္ဓာ-၄-ပါး၊ ရုပ်ဘက်က မဟာဘုတ်၄-ပါးလုံးကောက်ပြီးရေတွက်ပါလေ။ (ကု-ဗျာ ၌ ၂၂၅-ဝါရ) ပြီး၏။

(ကု-ကုဗျာ) ၌ ၂၁၀-ဝါရအတွက် - ၂၂၅-ဝါရရေတွက်စဉ်က ပထဝီမဟာဘုတ်စသောဘုတ်များ ၁၅-ချက်စီ၌ နောက်ဆုံး ၁-ချက်ကိုဖြုတ်ပါ။ ၁၄-ဝါရစီသာရှိ၍ (၁၄ × ၁၅ ॰ ) ၂၁၀- ဝါရသာကျန်သည်။

ဧကံ ခန္ဓံ (ပဋိစ္စ) တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ - ပါဠိတော် စဉ်ထား

ဧကံ ခန္ဓံ -အရ ဝေ-ခန္ဓာ ယူ၍၊ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ-၏အရ-ကျန်ခန္ဓာ ၃-ပါးနှင့်ပထဝီ-ဘုတ် စိတ္တဇရုပ်ယူ၍ ၁-ဝါရ။ ဧကံ ခန္ဓံ-အရသညာက္ခန္ဓာယူ၍ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ-၏အရ-ကျန်ခန္ဓာ ၃-ပါးနှင့်ပထဝီ-ဘုတ် စိတ္တဇရုပ်ယူ၍ ၁-ဝါရ စသည်ဇယားကြည့်၍ ဆက်ကာဆက်ကာရေတွက်ယူပါလေ။ ဤနေရာ၌ နာမ် ၄-ပါးလုံးအပေါင်းကရုပ်ကို ကျေးဇူးမပြုနိုင်၍ ချန်ထားပါ။ ဒါ့ကြောင့် အစိတ်အပေါင်းမရပါ။ (အစိတ်အစိတ်သာရသည်)

မှတ်ချက်။ ။ပဉ္စာဝါရ သဟကြီးယခုဝိဓိကောက်ရာ၌ "အစိတ်အပေါင်း"ဟုကောက်ထားရာ တိုက်ရိုက်ကား အစိတ်အပေါင်းမရပါ။ နာမ်တရားလေးပါးလုံးက ရုပ်တရားအားကျေးဇူးပြုသောတရားမရှိသောကြောင့်ပင်)

"ခန္ဓာဝတ္ထု၊ ရုပ်စုစု၊ မှတ်ရှုဆယ့်ငါးသာ" ၌ ခန္ဓာ-ဝတ္ထု။ ဝတ္ထု-ခန္ဓာ-နှင့် ဘုတ် ၇-မျိုးတွင် ရုပ် (၁)ခုစီ၌ ခန္ဓာဝါရ (၁၅)ဝါရစီရသည်။

(ကောက် ၇၅)"ခန္ဓေ ပဋိစ္စ ဝတ္ထု" ၌ ခန္ဓေ အရ-ဝေဒနာယူ၍ ဝတ္ထုအရကို ဟဒယဝတ္ထုယူ၍ ၁-ဝါရ။ ဤသို့ စသည်ဖြင့် နာမ်ခန္ဓာများလှည့်ကာယူ၍ ဧကက၌ ၄-ဝါရ၊ ဒိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ စတုက္က ၁-ဝါရအားဖြင့် ၁၅-ဝါရဖြစ်သည်။ ၎င်းစတုက္က၌ ခန္ဓေအရ နာမ်ခန္ဓာ ၄-ပါးလုံးကိုယူ၍ ဝတ္ထုအရ ဟဒယဝတ္ထုပင် ယူရသည်။

(အစိတ်အပေါင်း) ဤသို့နာမ်ခန္ဓာ ၄-ပါးလုံးအပေါင်းက ရုပ်တခုခုအား ကျေးဇူးပြုမှသာ အစိတ်အပေါင်း ရသည်ဟူ၍ မြဲစွာမှတ်ပါ။

ရုပ်သက်သက်၌ ၁၅-ဝါရစီ (ကောက်-၇၇)။ စိတ္တဇမဟာဘုတ်၌ ၁၅-ဝါရဟူသည် -

ဧကက ၄-ဝါရ၊ တိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ စတုက္က ၁-ဝါရအားဖြင့် ၁၅-ဝါရ။ ထိုတွင် စတုက္ကမှတစ်ပါးသော ရှေ့ ၁၄-ဝါရ၌ မဟာဘုတ်အချင်းချင်းဖြစ်၍ စတုက္က၌-.

"မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ" ၌ "မဟာဘူတေ" အရ ဘုတ်-၄ပါးယူ၍ "စိတ္တ-ရူပံ" အရ စိတ္တဇဥပါဒါရုပ်ယူ၍ ၁-ဝါရဖြစ်သည်။

## အစိတ်အပေါင်း အကျဉ်းချုပ်

၁။ နာမ်ခန္ဓာ ချင်းသာ ကျေးဇူးပြုပါက "အစိတ်အစိတ်" သာရ၏။

၂။ နာမ်ခန္ဓာ ၄-ပါးလုံးအပေါင်းက ရုပ်တစ်ခုခုအား ကျေးဇူးပြုပါက "အစိတ်အပေါင်း"ဟုမှတ်ပါ။

၃။ ထို ၂-ခုလုံးရောပါက "အစိတ်အစိတ်၊ အစိတ်အပေါင်း" ဟုဆိုရမည်။

**(ခန္ဓာဝါရ ရေတွက်နည်းပြီးပြီ)**

# ပဋ္ဌာန်း အဓိပ္ပါယ် ကဏ္ဍ

**ဟေတုပစ္စည်း**

မေး - အဘယ်ကြောင့်ပဋ္ဌာန်းမည်ပါသနည်း။

ဖြေ - အထူးထူးအပြားပြားရှိသော ပစ္စည်းရှိသောကြောင့် (တနည်း)အထူးထူးအပြားပြားရှိသော ဟေတုအစ ရှိသော ပစ္စည်းတို့၏အစွမ်းဖြင့် ဟောတော်မူ အပ်သောကြောင့် "ပဋ္ဌာန်း" မည်ပါသည်။ (တနည်း) ကုသိုလ်အစရှိသောတရားတို့ကို ဟေတု-ပစ္စည်း အစရှိသည်တို့၏အစွမ်းဖြင့် ဝေဘန်ရာ ဖြစ်သောကြောင့် "ပဋ္ဌာန်း" မည်ပါသည်။ (တနည်း)ဟေတုပစ္စည်းစသည်ပြားကုန်သော ကုသိုလ်စ သောတရားတို့၌ချဲ့ဘို့ရာနည်းကို ရခြင်းကြောင့် ငြိစွမ်းခြင်းမရှိ သဗ္ဗညုတဉာဏ်၏ဖြစ်ရာဖြစ်သော ကြောင့် "ပဋ္ဌာန်း"မည်ပါသည်။ (ပဋ္ဌာန်း + ၄ - ၃၄၃။) (ကောက်-၆၂၃)

မေး - ဟေတုသမ္ပယုတ္တကာန်-ဟူ၍သာ ဟောတော်မမူဘဲ အဘယ်ကြောင့် "ဟေတူဟေတု သမ္ပယုတ္တကာန်" ဟု ဟောတော်မူရသနည်း။

ဖြေ - ဟေတူ - ဖြင့် ဟိတ် (၆)ပါးကား ပစ္စည်း-။ဟေတုသမ္ပယုတ္တကာန်-ဖြင့် ဟိတ် (၆)ပါးနှင့်ယှဉ်သော - တရားစသည်တို့ကား ပစ္စယုပ္ပန်။ ဤသို့ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို ပိုင်းခြားမှတ်သားစေလို၍ ဟေတု သမ္ပယုတ္တကာန် ဟုမဟောဘဲ "ဟေတူ ဟေတု သမ္ပယုတ္တကာန်" ဟုဟောတော်မူပါသည်။ (တနည်း) အဟိတ်စိတ္တုပ္ပါဒ်တို့ကိုလည်း သမ္ပယုတ္တပစ္စည်းသာမည်ဖြစ်ရကား-ဟေတုသမ္ပယုတ္တအဖြစ်ကို ယူခဲ့ရာ၏။ ထိုသို့မယူရ။ ၎င်းတို့ကို စင်စေလို၍ 'ဟေတုသမ္ပယုတ္တကာန်'သာမဟောဘဲ "ဟေတူဟေတု သမ္ပယုတ္တကာန်" ဟုဟောတော်မူရသည်။ (ကောက်-၆၂၄-၅)

**မှတ်ချက်** လိုရင်းအဖြေ။ - အဟိတ် စိတ္တုပ္ပါဒ်သည်လည်း သမ္ပယုတ္တပစ္စည်း သာမည်ဖြစ်ရကား - ထိုအဟိတ်စိတ္တုပ္ပါဒ်ကို စင်စေလိုသောကြောင့် "ဟေတု"ဟု အပိုစွက်၍ဟောတော်မူသည်။

မေး -စိတ် စေတသိက် နှစ်ပါးတို့ကြောင့်ဖြစ်ပါလျက် - အဘယ်ကြောင့် စိတ္တဇရုပ်ဟုသာဆိုရပါသနည်း။

ဖြေ - လောကီတရားတို့ကိုပြဆိုရာ၌ စိတ်သာလျှင်ပဓာန စိတ်သာလျှင်အဓိက ဖြစ်သောကြောင့် စိတ္တဇရုပ်ဟုသာ ဆိုရပါသည်။ (ကောက်-၆)

မေး - အဘယ်ကြောင့် စိတ်က ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာတပစ္စည်းတပ်၍ ပဝတ္တိကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ်ရပါသနည်း။

ဖြေ - ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါမှာ စိတ်နှင့်စပ်၍သာဖြစ်ကုန်၏။ စိတ်နှင့်ကင်း၍မဖြစ်ကြကုန်၊ ပဝတ္တိအခါမှာမူ စိတ်နှင့်ကင်းသော်လည်း - (နိရောဓ သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏သန္တာန်၌)- ဖြစ်ကုန်၏။ ထို့ကြောင့် စိတ်က ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာတပစ္စည်းတပ်၍ ပဝတ္တိကမ္မဇရုပ် အား သဟဇာတပစ္စည်းမတပ်ပါ။ (ကောက်-၆)

မေး - စိတ်သည်အဘယ်ကြောင့် ပဝတ္တိအခါ၌သာ စိတ္တဇရုပ်ကိုဖြစ်စေ၍ ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ - ပဋိသန္ဓေအခါ ကံ၏အဟုန်ဖြင့်ပစ်ချအပ်သောကြောင့်၎င်း၊ မိမိနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီရသောကြောင့်၎င်း၊ အားနည်းသည်ဖြစ်၍ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်သောကြောင့် ပဝတ္တိအခါ၌သာ စိတ္တဇရုပ်ကို ဖြစ်စေနိုင်ပါသည်။ (ကောက်-၆)

**အာရမ္မဏပစ္စည်း**

မေး - အာရမ္မဏပစ္စည်းကျေးဇူးပြုပုံကို လောကူပမာဆောင်၍ အကျဉ်းပြဆိုပါ။

http://www.dhammadownload.com


ဖြေ - တောင်ဝှေး ကြိုးတန်းတို့သည် အားနည်းသောယောကျ်ားကို ထနိုင် ရပ်တည်နိုင်အောင် ကျေးဇူးပြုသကဲ့သို့ ထို့အတူ - အာရုံ (၆)ပါးတို့သည် အာရမ္မဏိကဖြစ်သော စိတ်စေတသိက်တရားတို့ကို ဖြစ်နိုင်ရပ်တည်နိုင်အောင် ကျေးဇူးပြုပါသည်။ (ကောက်-၆၂၆)

မေး - ရူပါယတနံ အစရှိသောပါဠိများဖြင့် အာရုံ + အာရမ္မဏိကအဖြစ် ပြီးပြီးပါလျက် အဘယ်ကြောင့် "ယံ ယံ ဓမ္မံ" အစရှိသောပါဌ်ကို ထပ်၍ဟောတော်မူရပါသနည်း။

ဖြေ - ရူပါယတနံ စသောပါဌ်ဖြင့် အာရုံ + အာရမ္မဏိကအဖြစ် ပြီးသည်ကားမှန်သော်လည်း အာရုံပြုသောခဏ၌သာ အာရုံ (၆)ပါးတို့သည် သတ္တဝိညာဏဓာတ်တို့အား အာရမ္မဏပစ္စည်းဖြစ်ကြသည်။

ထိုသို့ဖြစ်ရာတွင်လည်း အတူတကွမဖြစ်ကြ၊ သူ့အာရမ္မဏိကတရားနှင့် သူ့အာရုံတရားတို့အသီးသီးဖြစ်ကြသည်ကို ပြတော်မူခြင်းငှာ - ယံ ယံ ဓမ္မံ စသောပါဌ်ကိုထပ်၍ ဟောရပါသည်။(ကောက်-၆၂၆)

**အဓိပတိပစ္စည်း**

မေး - ဟေတူ ဟေတု သမ္ပယုတ္တကာနံ-ဟု ဟောတော်မူသကဲ့သို့ 'အဓိပတိ အဓိပတိ သမ္ပယုတ္တကာနံ' ဟု ဟောတော်မမူဘဲ အဘယ်ကြောင့် ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ စသည်ဖြင့်ဟောတော်မူရ ပါသနည်း။

ဖြေ - ဟိတ်တရားတို့ကား -တပြိုင်နက် တခဏတည်း၌ ဟိတ်နှစ်ပါး, သုံးပါးစသည်ပစ္စည်းတပ်သကဲ့သို့ အဓိပတိတရားတို့ကား ထိုသို့မတပ်ကုန် အသီးသီးသာ ပြိုင်ဘက်မရှိ ပစ္စည်းတပ်ကြသောကြောင့် 'အဓိပတိ အဓိပတိ သမ္ပယုတ္တကာနံ'-ဟု မဟောဘဲ ဆန္ဒာဓိပတိ စသည်ဖြင့် အသီးသီးဟောရပါသည်။ (၆၂၆)

**အနန္တရပစ္စည်း -**

မေး - စက္ခုဝိညာဏ်သည် သမ္ပဋိစ္ဆိုင်းအား။ သမ္ပဋိစ္ဆိုင်းသည် သန္တီရဏအား ကျေးဇူးပြုပုံကိုပြသကဲ့သို့ သန္တီရဏသည် ဝုဋ္ဌောအား စသည်ဖြင့်ဘဝင်တိုင်အောင် အဘယ်ကြောင့်အစဉ်အတိုင်း မပြသနည်း။

ဖြေ - အစဉ်တိုင်းပြသင့်သော်လည်း နောက်ကပြအပ်ပြီးသောနည်းဖြင့် သိလောက်ပြီဖြစ်၍ ဒေသနာတော်ကို အကျဉ်းချုံး၍ ဟောထားသောကြောင့်ရင်း။ (တနည်း)နောက်၌ပြလတ္တံ့သော ပုရိမာ ပုရိမာ ကုသလာ စသောပါဌ်ဖြင့် သိမ်းယူအပ်သော ကြောင့်ရင်း - မပြပါ။ (ကောက်-၆၂၈)

မေး - အဆုံး၌ ယေသံ ယေသံ စသောပါဌ်ကို အဘယ်ကြောင့် ထပ်၍ဟောတော်မူရပါသနည်း-။

ဖြေ - (ခပ်သိမ်းသော) အနန္တရပစ္စည်းပစ္စယုပ္ပန်တရားတို့၏ အကျဉ်းလက္ခဏာကိုပြလိုသောကြောင့် ယေသံ ယေသံ - စသောပါဌ်ကိုထပ်၍ ဟောတော်မူရပါသည်။ (ကောက်-၂၆/၆၂၉)

မေး - အနန္တရနှင့် သမနန္တရ နှစ်ပစ္စည်းတို့သည် တူသလော, ထူးသလော ရှင်းလင်း၍ပြပါ။

ဖြေ - ထိုနှစ်ပစ္စည်းတို့ကား ဥပစယ နှင့် သန္တတိကဲ့သို့ရင်း၊ အဓိဝစနဒုက်နှင့် နိရုတ္တိ ဒုက်စသည်တို့ကဲ့သို့ရင်း၊ အနက်အားဖြင့် အထူးအပြားမရှိပါ။ သဒ္ဒါမျှသာထူးပါသည်။ (ကောက်-၆၂၉)

**သဟဇာတပစ္စည်း**

မေး - ရူပိနော ဓမ္မာ။ ပ ။ယော - စသော စကားကို အဘယ်ကိုရည်၍ ဟောတော်မူပါသနည်း။

ဖြေ - ပဋိသန္ဓေအခါ၌ဖြစ်သော ဟဒယဝတ္ထုကိုရည်၍ ဟောပါသည်။ (ကောက်-၆၃၀)

စိတ္တသမုဋ္ဌာနာနံ ရူပါနံအရ-အဋ္ဌကထာဆရာအလို - စိတ္တဇရုပ်ကိုသာကောက်သည်။

အာစရိယဝါဒအလို - စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်ကိုကောက်သည်။

နိဿယ ပစ္စည်း-"<u>ထေရောစ ဒဟရောစ ပိဏ္ဍာယ စရန္တိ</u>"ကဲ့သို့"<u>မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ</u>" ပုဒ်သည် အင်္ဂါသိတဖြစ်သောကြောင့် ဗဟုဝုစ်ဖြင့်ဟောရပါသည်။ (ကောက်-၃၁ ၌ ရှုပါ)

http://www.dhammadownload.com

ဥပနိဿယ ပစ္စည်း
မေး - ကုသိုလ်သည် အကုသိုလ်အား၊ အကုသိုလ်သည် ကုသိုလ်အား ကျေးဇူးပြုရာ၌ အဘယ်ကြောင့် "ကေသဉ္စိ"ပါဠ်ကိုထည့်၍ ဟောရပါသနည်း။ (ကောက်-၃၂)
ဖြေ - အနန္တရိယကို စင်စေလိုသောကြောင့် "ကေသဉ္စိ"ပါဠ်ကိုထည့်၍ ဟောရပါသည်။ (ကု ဇော - အကုဇောတို့ တဆက်တည်း အနန္တရသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် အနန္တရမရ) ဆောင် • အနန္တရိယလျှင်၊ စင်စေချင်၊ ကေသဉ္စိကိုထည့်၍ဆို။
မေး - ဥတုဘောဇန သေနာသန ပုဂ္ဂလတို့ကို ပရမတ်ပညတ်ခွဲ၍ ပုဂ္ဂလောပိ. သေနာသနမ္ပိတို့၌ ပိသဒ္ဒါ၏ အနက်ကိုလည်း ညွှန်းပြပါ။
ဖြေ - ဥတုဘောဇန သေနာသနတို့ကား ပရမတ်။ ပုဂ္ဂလကား ပညတ်ဖြစ်ပါသည်။ ပုဂ္ဂလောပိ, သေနာသနမ္ပိတို့၌ ပိသဒ္ဒါကား သက်န်း တော တောင် ခြုံ စသော ပကတူနိဿယ တပ်ကောင်းသမျှကို ပေါင်းယူခြင်းအနက်ရှိပါသည်။ (ကောက်-၃၃)
မေး - အရည ပဗ္ဗတ စသည်ကိုဦးတည်၍မဟောဘဲ အဘယ်ကြောင့် ပုဂ္ဂလသေနာသနနှစ်ပါးကိုသာ ဦးတည်၍ဟောသနည်း။
ဖြေ - ပုဂ္ဂလ သေနာသန နှစ်ပါးကား ကုသိုလ် အကုသိုလ်ဖြစ်ခြင်း၌ အားကြီးသောအကြောင်းဖြစ်သော ကြောင့် ၎င်းနှစ်ပါးကို ဦးတည်၍ဟောပါသည်။ (ကောက်-၃၃/၆၃၁)
မေး - ပဋ္ဌာဝါရ၌ 'ပဌမဿ ဈာနဿ ပရိကမ္မံ' ၏အရကို ပဌမဈာန်၏ ပရိကံကိုယူရမည်လော၊ သို့မဟုတ် ပုဗ္ဗဘာဂ ပရိကံကို ယူရမည်လော။ ရှင်းပြပါ။
ဖြေ - ပဌမဈာန်၏ အနန္တရ ပရိကံကို မယူရပါ။ ပထဝီ ပထဝီစသည်ဖြင့် စီးဖြန်းသော ကာမာဝစရ ကုသိုလ်ဇောဟုဆိုအပ်သော ပုဗ္ဗဘာဂ ပရိကံကို ယူရပါမည်။ (ကောက်-၆၃၁) (ပရိကံ - ဥပစာ - အနုလုံ - ဂေါတြဘုတွင် ပါဝင်သော ပရိကမ်ကိုမယူရ)
မေး - ကုသိုလ်သည် အကုသိုလ်အား ပကတူနိဿယဖြင့်ကျေးဇူးပြုရာ၌ လောကီ-လောကုတ္တရာ နှစ်မျိုးရှိရာ အဘယ်ကုသိုလ်ကို ယူရပါမည်နည်း။ ဥပမာဆောင်၍ဖြေပြပါ။
ဖြေ - သန္တ ပဏီတ ဥတ္တမဖြစ်သော လောကုတ္တရာကုသိုလ်ကား အကုသိုလ်ကို ဖျက်ဆီးတတ်သည်။ လ,သည် အမိုက်တိုက်အား အထောက်အပံ့မဖြစ်သကဲ့သို့ အကုသိုလ်အား အထောက်အပံ့မဖြစ်နိုင်သောကြောင့် လောကုတ္တရာကုသိုလ်ကိုမယူရပါ။ လောကီကုသိုလ်ကိုသာယူရပါသည်။ (ကောက်-၄၁၆/၆၃၀)
မေး - ကုသိုလ်စေတနာသည် ဝိပါက်အား ကျေးဇူးပြုရာ၌ အဘယ်စေတနာကို ယူရမည်နည်း။
ဖြေ - ဗလဝစေတနာ - ဒုဗ္ဗလစေတနာ နှစ်မျိုးရှိရာ ဗလဝစေတနာကိုသာ ယူရပါသည်။ (ကောက်-၆၃၂)
မေး - အကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယဖြင့် ကျေးဇူးပြုရာဝယ် - ဗလဝသည် ဒုဗ္ဗလအား၊ ဒုဗ္ဗလသည် ဗလဝအား အပြန်အလှန်ကျေးဇူးပြုနိုင်ပါသလော။ ဖြေပြပါ။
ဖြေ - ဗလဝသည် ဒုဗ္ဗလအား၊ ဒုဗ္ဗလသည် ဗလဝအား အပြန်အလှန်ကျေးဇူးပြုနိုင်ပါသည်။(ကောက်-၆၃၃)
နိယတမိစ္ဆာဒိဋ္ဌိ ဟုဆိုရာ၌ –
- အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ - ၎င်း (၃)ပါးလုံးကိုယူရပါသည်။ (ကောက်-၆၃၃)
မေး - မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ-ဟုဆိုရာဝယ် မာတုဃာတက ကံတစ်ခုသာဖြစ်လျှက် အဘယ်သို့ ကျေးဇူးပြုနိုင်ပါသနည်း။

http://www.dhammadownload.com



ဖြေ - သူတပါး အမိသတ်သည်ကိုမြင်၍ မိမိအမိကိုသတ်သောသူ၏အစွမ်းဖြင့်ရင်း၊ တပါးသောဘဝ၌ အမိသတ်ခဲ့၍ နောက်ဘဝ၌ အမိကိုသတ်သောသူ၏အစွမ်းဖြင့်ရင်း၊ အမိကိုသတ်ဟု အဖန်တ လဲလဲစေခိုင်းသူ၏အစွမ်းဖြင့်ရင်း၊နှစ်ကြိမ်သတ်က မုချသေမည့် အမိကိုနှစ်ကြိမ်သတ်သူ၏အစွမ်းဖြင့်ရင်း၊ မာတုဃာတကကံသည် မာတုဃာတကကံအား ကျေးဇူးပြုပါသည်။ (ကောက်-၆၃၃)

မေး - 'ကာယိကံ သုခံ ကာယိကဿ ဒုက္ခဿ' ဟုဆိုရာဝယ် သုခသည် ဒုက္ခအား အဘယ်သို့ကျေးဇူးပြုပါသနည်း။

ဖြေ - ချမ်း၍ အတိုင်းအရှည်မရှိ မီးလှုံသောသူတို့အား ရှေးဦးစွာဖြစ်သောသုခသည် နောက်ဖြစ်သော ဒုက္ခစသည်တို့အား ကျေးဇူးပြုနိုင်ပါသည်။ (ကောက်-၆၃၄)

**ပုရေဇာတပစ္စည်း။ ပုရေဇာတဿ အနက် –ပုရေ-ပစ္စည်းတရားဖြစ်သည်မှရှေး၌။ ဇာတဿ-ဖြစ်သော။**

မေး - ပစ္စယနိဒ္ဒေသ၌ ပုရေဇာတကို ပဥ္စဒွါရ၌သာပြခဲ့၏။ ပဥ္စဝါရ၌ကား စက္ခုံ အနိစ္စတော စသည်ဖြင့် ဟောတော်မူသောကြောင့် မနောဒွါရ၌လည်း ရသင့်သည်မဟုတ်ပါလော။ အဘယ်ကြောင့်မပြပါသနည်း။ (၆၃၅)

ဖြေ - ရသင့်၏။ အကြွင်းအကျန်နှင့်တကွ သာဝသေသအားဖြင့် ဟောတော်မူသောဒေသနာဖြစ်၍ မပြပါ။

မေး - အဘယ်ကြောင့်အကြွင်းအကျန်နှင့်တကွ သာဝသေသအားဖြင့် ဟောတော်မူပါသနည်း။

ဖြေ - ပစ္စယနိဒ္ဒေသ၏မကျဉ်းမကျယ်သောဒေသနာဖြစ်၍ သာဝသေသအားဖြင့် ဟောပါသည်။ (၆၃၅)

မေး - ပစ္စယနိဒ္ဒေသဝယ် မနောဒွါရ၌ "အာပု"ကို အဘယ်ကြောင့်ဟောတော်မမူပါသနည်း။ မရ၍မဟောပါသလော အထောက်ပြဖြေပါ။

ဖြေ - "စက္ခုံ အနိစ္စတော" စသော ပဥ္စဝါရပါဠိတော်ကိုထောက်၍ အာပုကို မနောဒွါရ၌လည်း ရနိုင်သည်။ ထိုသို့ပင်ရနိုင်သော်လည်း သာဝသေသအားဖြင့် ဒေသနာကိုပြုထားသောကြောင့် ဤပစ္စယနိဒ္ဒေသ၌ ဟောတော်မမူ။(ကောက်-၆၃၅) ဤပစ္စယနိဒ္ဒေသ၌ (ပု ဝိ အ အ၊ ဤလေးဝ၊သာဝသေသ ဒေသနာ)

<u>ဇာတ ၃-ပါး အထူး</u>

၁။ သဟဇာတ- ၌ ဇာတ သည် ဥပါဒ်-ဌီ-ဘင် အခိုက်ရှိကာလ ၃-ပါးလုံးကိုဟော၏။

၂။ ပုရေဇာတ- ၌ ။ × ဌီ × အခိုက်ရှိ ရုပ်ကိုသာဟော၏။

၃။ ပစ္ဆာဇာတ- ၌ ။ ဥပါဒ်-ဌီ- ဘင် ။ စိတ်-စေ-နာမ်တရားကိုဟော၏။

မေး - ပဋိစ္စဝါရ၌ 'ဝတ္ထုံ ပုရေဇာတပစ္စယာ'- ဟု ဝတ္ထုပုရေဇာတကိုသာဟော၍ အဘယ်ကြောင့်အာရမ္မဏပုရေဇာတကို မဟောသနည်း။ (ကောက်-၆၃၅)

ဖြေ - ပဋ္ဌာရုံတို့သည် ပဥ္စဝိညာဏဓာတ်အား ပစ္စုပ္ပန်ဖြစ်၍ အာရမ္မဏပုရေဇာတပစ္စည်းဖြစ်ကုန်၏။ မနောဝိညာဏ်တို့ကား မနောဝိညာဏဓာတ်အား အတိတ် အနာဂတ်အာရုံလည်းဖြစ်၍ အမြဲပုရေဇာတပစ္စည်း မဖြစ်ကုန်။ ထိုသို့ ပုရေဇာတသပစ္စည်းအဖြစ် မမြဲသောကြောင့် အာရမ္မဏကိုမဟောပါ။

မေး - အာပေါ - အစရှိသည်တို့လည်း ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍ အဘယ်ကြောင့် ပဥ္စဝါရ၌ "စက္ခုံ အနိစ္စတော" ဟူ၍သာဟော်တော်မူသနည်း။ (ကောက်-၆၃၆)

ဖြေ - အာပေါစသည်တို့ကား နူးညံ့သိမ်မွေ့သောသုခုမရုပ်ဖြစ်၍ မသိလွယ်၊ ရုန့်ရင်းကြမ်းတမ်းသော စက္ခုစသော ဩဠာရိကရုပ်တို့ဖြင့်သာ သိလွယ်သောကြောင့် စက္ခုံ အနိစ္စတောဟူ၍ဟောတော်မူပါသည်။ ပစ္ဆာဇာတပစ္စည်း သည်-ဥပါဒ်ခဏ,ဘင်ခဏ၌ ကျေးဇူးမပြုပါ၊ ဌီခဏ၌သာကျေးဇူးပြုပါသည်။(၆၃၆)

http://www.dhammadownload.com



မေး - ဆဝါရ၌ ပစ္ဆာဇာတပစ္စည်းကို အဘယ်ကြောင့်မဟောသနည်း။ (ကောက်-၆၃၆)

ဖြေ - ပစ္ဆာဇာတပစ္စည်းသည် ပစ္စယုပ္ပန်တရားတို့အား ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုသည်။ ဇနကသတ္တိဖြင့်-ကျေးဇူးမပြုသောကြောင့် ဟောတော်မမူပါ။(တနည်း)။ပစ္စယုပ္ပန် ရုပ်၏ ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြု၊ ရုပ်၏ဌီခဏ၌သာ ကျေးဇူးပြုသဖြင့် ဥပ္ပဇ္ဇတိ ကြိယာနှင့် မတန်သောကြောင့် ဟောဘော်မမူပါ။

**အာသေဝနပစ္စည်း –**

မေး - ကုသိုလ် အကုသိုလ်သည် ဝိပါက်ကြိယာအား အဘယ်ကြောင့် အာသေဝနပစ္စည်းမတပ်သနည်း။

ဖြေ - ပြားသောဇာက်ရှိသော ဝိပါက်ကြိယာတို့မှာ အဘန်တလဲလဲမှီဝဲအပ် ထုံအပ်သော အာသေဝနဂုဏ်ကင်းသဖြင့် မိမိ၏ကုသိုလ်သဘော အကုသိုလ်သဘောကို ယူစေခြင်းငှာ မစွမ်းနိုင်သောကြောင့် အာသေဝနပစ္စည်းမတပ်နိုင်ပါ။ (ကောက်-၆၃၇)

မေး - ဝိပါက်သည် ဝိပါက်အား အဘယ်ကြောင့် အာသေဝနပစ္စည်းမတပ်သနည်း။

ဖြေ - ဝိပါက်ကား ကံ၏အကျိုးမျှသာဖြစ်၍ အားနည်းသဖြင့် အဖန်တလဲလဲမှီဝဲအပ် ထုံအပ်သောသဘောမရှိ တစ်ပါးသောဝိပါက်ကို မဖြစ်စေနိုင်သောကြောင့် အာသေဝနပစ္စည်းမတပ်နိုင်ပါ။(ကောက်-၆၃၈)

**ကမ္မပစ္စည်း –**

မေး - နာနာက္ခဏိကကမ္မ အကျိုးပေးရာကာလကို သဘာဝယုတ္တိပြ၍ ဖြေဆိုပြပါ။

ဖြေ - နာနာက္ခဏိကကမ္မသည် ဖြစ်ဆဲကာလ၌ အကျိုးမပေး၊ ချုပ်ပြီးနောက်ကာလ၌ အကျိုးပေးပါသည်။ <u>သဘာဝယုတ္တိကား</u> - ကုသိုလ်အကုသိုလ်ကံသည် အကယ်၍ပြုလုပ်ဆဲကာလသာ အကျိုးပေးပါကလူသည် နတ်ပြည်သို့လားစေတတ်သော ကုသိုလ်ကံကို အကယ်၍ ပြုငြားအံ့၊ ထိုကံကြောင့် ကုသိုလ်ပြုဆဲကာလ၌ပင် နတ်သားနတ်သမီးဖြစ်လေရာ၏။ ထိုသို့ဖြစ်ရိုးထုံးစံကားမရှိကြ။ ထို့ကြောင့် ချုပ်ပြီးနောက်၌သာ (ကမ္မာကုဋေတို့ များစွာကြာပါသော်လည်း) အကျိုးပေးပါသည်။ (ကောက်–၄၃/၆၉၃)

မေး - နာနာက္ခဏိကကံသည် ချုပ်ပြီးနောက်၌သာ အကျိုးပေးနိုင်ပုံကို ဥပမာဆောင်၍ ဖြေပြပါ။(၄၃/၆၉၃)

ဖြေ - ရှေး၌သင်ယူပြီးဖြစ်သော အတတ်ပညာစသည်သည်ချုပ်သွားပြီးကာလတစ်ပါး၌ဖြစ်ပါသော်လည်း နောက်နောက်သော အတတ်ပညာ အစရှိသည်တို့အား ထောက်ပံ့သမှုကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုပါသည်။

မေး - ပဉ္စဝါရ၌ ပဋိသန္ဓေအခါ ကဋတ္တာစ ရူပါနံ-ဟုဟောရာဝယ် ဟဒယဝတ္ထုလည်ကဋတ္တာရုပ်ဖြစ်၍ပြီးကောင်းလျက် "စေတနာ ဝတ္ထုဿ" ဟု အဘယ်ကြောင့်အထူးပြု၍ဟောပြန်သနည်း။

ဖြေ - ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် နာမ်တရားတို့အား သဟဇာတ စသောပစ္စည်းတပ်၏။ ထိုသို့ပင်တပ်သော်လည်း စေတနာသည်လည်းဟဒယဝတ္ထုအား ပစ္စည်းတပ်သည်၏အဖြစ်ကို သိစေလိုသောကြောင့် အထူးပြု၍ဟောပါသည်။ (ကောက်-၆၄၁)

**ဝိပါကပစ္စည်း –**

မေး - ပဉ္စဝါရဝယ် ဝိပါက်အဗျာကတသည် ရုပ်အားကျေးဇူးပြုသည်ကိုဟောပါလျက်။ ပစ္စယနိဒ္ဒေသ ဝယ် အဘယ်ကြောင့် ဟောတော်မမူပါသနည်း။ (ပု ဝိ အ အ၊ ဤလေး၀၊ **သာဝသေသ ဒေသနာ**)

ဖြေ - အကြွင်းထား၍ဟောအပ်သော သာဝသေသ ဒေသနာဖြစ်၍ ဟောတော်မမူပါ။ (ကောက်-၆၄၁)

**အာဟာရပစ္စည်း –**

မေး - ကဗဠီကာရော အာဟာရောဟူ၍ ဟောရာ၌ ဩဇာအရ အဘယ်ဩဇာကို ယူရသနည်း။

http://www.dhammadownload.com



ဖြေ - ဗဟိဒ္ဓဖြစ်သော ဥတုဇသြဇာကိုမယူရပါ။ စတုသမုဋ္ဌာနိကသြဇာကို ယူရပါသည်။ (ကောက်-၆၄၁)

မေး - သြဇာသည် စတုဇရုပ်အား ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိနှစ်ပါးဖြင့် ကျေးဇူးပြုရာ အဘယ်ရုပ်အား အဘယ်သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ - ဗဟိဒ္ဓ သန္တာန်၌ ဥတုဇသြဇာသည် အာဟာရဇရုပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်။
ကြွင်းသောတိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုပါသည်။
တိဇသြဇာသည် စတုသမုဋ္ဌာနိကရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုသည်။
(တနည်း) ကလာပ်တူရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။
(တနည်း) ကလာပ်တူ - စတုသမုဋ္ဌာနိကရုပ်အား ဇနကသတ္တိ၊ ကလာပ်ပြား စတုသမုဋ္ဌာနိကရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့်ကျေးဇူးပြုသည်။ (ကောက်-၄၆) (ကောက်-၆၄၁ ရှိ မေးဖြေနှင့်ယှဉ်ကြည့်)

<u>၂၄-ပစ္စည်းကို ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိ ခွဲခြားရန်</u>

**ဆောင်** ။ အနန်ငါးတန်၊ အာ, နာကမ်နှင့်၊ တစ်ဖန်ပကတူပ၊ **ဇနကတည်း**။ ပစ္ဆာတစ်တန်၊ **ဥပတ္ထမ်တည့်**။ ကြွင်းကျန်ဆယ့်ရှစ်၊ သတ္တိနှစ်ပင်၊ စင်စစ်ခွဲခြားသိစေသော်။ (ပဋ္ဌပကာရဏာပဋ္ဌာနအဋ္ဌကထာ ၃၉၃)
**အာဟာရ၏သတ္တိ (၂)မျိုး** ရုပ်အာဟာရ - ပစ္စည်းသည် ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိ (၂)မျိုးတတ်၏။

**ကေဇကာယစသည်မည်ပုံကို ဤကျမ်း ၃၈-၌ အကျယ်ရှင်းထားသည်။ ပြန်ရှုပါ။**

**ဣန္ဒြိယပစ္စည်း**

မေး - ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် ဣန္ဒြေပင်ဖြစ်လျက် အဘယ်ကြောင့် ဣန္ဒြိယပစ္စည်းမတပ်သနည်း။

ဖြေ - ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့ကား ကလလအခါ စသည်တို့၌ရှိကုန်သော်လည်း ဣတ္ထိလိင်, ပုရိသလိင် စသည်တို့မရှိသောကြောင့် ဣန္ဒြိယပစ္စည်းမတပ်ပါ။ (ကောက်-၆၄၂)

**ဈာနပစ္စည်း**

မေး - ဒွေပဉ္စဝိညာဏ်တဆယ်၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့သည် အဘယ်ကြောင့် ဈာနပစ္စည်းမတပ်သနည်း။

ဖြေ - ဒွေပဉ္စဝိညာဏ်တဆယ်၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာတို့ကား အာရုံသို့ကပ်၍ ရှုခြင်းသဘောမရှိ။ အာရုံ၌ကျကာ မတ္တသဘောသာဖြစ်သောကြောင့် ဈာနပစ္စည်းမတပ်ပါ။ (ကောက်-၆၄၃)

**မဂ္ဂပစ္စည်း**

မေး - အဟိတ်စိတ်၌ မဂ္ဂင်တို့သည် အဘယ်ကြောင့် မဂ္ဂပစ္စည်းမတပ်သနည်း။

ဖြေ - အဟိတ်စိတ်၌ မဂ္ဂင်တို့ကား နောက်လိုက်ဟိတ်ကင်းရကား အားနည်းသောကြောင့်မဂ္ဂပစ္စည်းမတပ်နိုင်ပါ။ (ကောက်-၆၄၄)

**ဝိပ္ပယုတ္တပစ္စည်း** –

မေး - ရူပါရုံစသည်တို့ကို အာရမ္မဏိက နာမ်တရားတို့နှင့် ဝိပ္ပယုတ်ဖြစ်ကုန်လျက် အဘယ်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌မဟောသနည်း။

ဖြေ - ရူပါရုံစသည်တို့ကား အာရမ္မဏိက နာမ်တရားတို့နှင့် ဝိပ္ပယုတ်ကေန်ဖြစ်ကုန်၏။ သမ္ပယုတ်လောဟု ယုံမှားဘွယ်မရှိသောကြောင့် မဟောအပ်ပါ။ (ကောက်-၆၄၄)

မေး - စက္ခု ဝတ္ထုစသည်တို့နှင့် နာမ်တရားတို့ကို ဝိပ္ပယုတ္တပစ္စည်း၌ အဘယ်ကြောင့်ဟောပါသနည်း။

http://www.dhammadownload.com



ဖြေ - နာမ်တရားတို့ကား စကျွစသော ဝတ္ထုတို့ကိုမှီရကား ၎င်းဝတ္ထုအတွင်းမှ ထွက်လာကုန်သကဲ့သို့ ဖြစ်ကုန်၍ဝိပ္ပယုတ်လော သမ္ပယုတ်လောဟု ယုံမှားဖွယ်ရှိသောကြောင့် ထိုယုံမှားကိုပယ်လျက်သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်ဖြစ်ကြောင်းကိုပြလို၍ ဟောပါသည်။ (ကောက်-၆၄၄)

သဟဇာတဝါရ –

မေး - ပဋိစ္စဝါရနှင့် သဟဇာတဝါရသည် အဘယ်သို့ထူးသနည်း။

ဖြေ - အထူးမရှိပါ။ အချင်းချင်းအနက်ကိုမှတ်ခြင်းငှာဟောပါသည်။ (ကောက်-၆၄၄)

(တနည်း)သစ္စာ ၄-ပါးကိုသိခြင်းငှာထိုက်ကုန်သော ဝေနေယျတို့၏ အလိုအားဖြင့်ရင်း။ ဒေသနာတော်ကို တန်ဆာဆင်ခြင်း၏အစွမ်းဖြင့်ရင်း။ နိရုတ္တိပဋိသမ္ဘိဒါအပြားကိုသိခြင်း၏ အစွမ်းဖြင့်ရင်း ဟောပါသည်။

မေး - ပစ္စယဝါရ၊ နိဿယဝါရတို့ကို အဘယ်ကြောင့်ဟောပါသနည်း။

ဖြေ - သဟဇာတနိဿယ, ပုရေဇာတနိဿယနှစ်ပါးရကောင်းသည်ကိုရည်၍ ဟောပါသည်။ (ကောက်-၆၄၇)

## ဆဝါရ

မေး - ပဋ္ဌာန်း ၂၄ ကျမ်းကို ရေတွက်ပြပါ။

ဓမ္မအနုလုံ၌ - တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိက တိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းအားဖြင့် ၆-ပါးရှိ၏။

ထို့အတူ ဓမ္မပစ္စနိက်၌ ၆-ကျမ်း၊ ဓမ္မအနုလောမပစ္စနိက်၌ ၆-ကျမ်း၊ ဓမ္မပစ္စနီယာနုလောမ၌ ၆-ကျမ်း အားဖြင့် ပဋ္ဌာန်း ၂၄-ကျမ်းဖြစ်သည်။ (ကောက်-၆၂၄) (နှာ ၆၁ ရှိကျမ်းတက်နှင့်ယှဉ်ကြည့်ပါ)

ဆောင် ▫ တိကဒုက၊ ဒုတိက၊ တိကဒုကထား။ တိကတိက၊ ဒုဒုက၊ ခြောက်ဝပဋ္ဌာန်းများ။

ဟေတုပစ္စည်း

မေး - အဘယ်ကိုရည်ရွယ်၍ (ဗျာ+ဗျာ)၌ "သမ္ပယုတ္တက္ခန္ဓာအားရင်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားရင်း" ဟုခွဲ၍ဆိုပါသနည်း။

ဖြေ - စတုဝေါကာရကိုရည်ရွယ်၍ "သမ္ပယုတ္တက္ခန္ဓာအားရင်း"ဟုဆိုသည်။ ပဥ္စဝေါကာရကိုရည်ရွယ်၍ "သမ္ပယုတ္တက္ခန္ဓာ (စိတ္တဇရုပ်) ကဋတ္တာရုပ်အားရင်း" ဟုဆိုသည်။ (ကောက်-၇၄)

ဗာဟိရ စသောမဟာဘုတ်များ

- ဗာဟိရဟူသည် တော၊ တောင်၊ မိုး၊ မြေအစရှိသော အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ်တည်း။
- အာဟာရရုပ်ဟူသည် အဇ္ဈတ္တသန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကဩဇာကြောင့် ဖြစ်သော အာဟာရဇ အဋ္ဌကလာပ် အစရှိသည်တည်း။
- ဥတုဇရုပ်ဟူသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စတုသမုဋ္ဌာနိကတေဇောကြောင့် ဖြစ်သော ဥတုဇ အဋ္ဌကလာပ် စသည်တည်း။
- ပဝတ္တိကမ္မဇရုပ်အတွက် ဝိဘင်းသီးခြားမရှိ၊ အသညသတ် ကမ္မဇရုပ်နှင့် အလားတူသောကြောင့် အသညသတ္တာန် စသောဝိဘင်း၌သွင်းထားသည်။ (ကောက်-၉၃)

ပုရေဇာတပစ္စည်း ▫ဝတ္ထုံ ပုရေဇာတပစ္စယာကို ဟောရကြောင်း အာပုကိုမဟော၊ ဝတ်ပုကိုသာဟောသည် ဟု သိစေလိုသော ကြောင့် "ဝတ္ထုံ ပုရေဇာတ ပစ္စယာ"ကို အပိုဟောသည်။ (အထောက်သာကေပင်)

အာပုကိုမဟောကြောင်း (ကောက်-၉၈)

http://www.dhammadownload.com



ဖြေ - ပဋ္ဌာရုံတို့သည် ပဋ္ဌဝိညာဏဓာတ်အား ပုရေဇာတပစ္စည်းဖြစ်ကုန်၏။ မနောဝိညာဏဓာတ်အား(အတိတ် အနာဂတ်၊ အာရုံတို့လည်းဖြစ်ကုန်သောကြောင့်) ပုရေဇာတ ဧကန်မဖြစ်။ ထို့ကြောင့် အာပုကို မဟောပါ။

ဥပ္ပန္နတိ ဥပ္ပန္နတ္တိ-အရကောက် ဥပ္ပန္နတိ အရ-နာမက္ခန္ဓာဖြစ်အံ့ ဥပါဒ်ငြီဘင်ရ၏။ရူပက္ခန္ဓာဖြစ်အံ့ ဥပါဒ်ရ၏။

ဇီဝိတိန္ဒြေ၏ ပါလနသဘော ။ ကြာရိုး၌ရှိသောရေသည် ကြာကိုစောင့်သကဲ့သို့ ဇီဝိတိန္ဒြေသည် မိမိနှင့် ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ခြင်း အစိုးရခြင်း ပါလနသတ္တိရှိသည်။ (ကောက်-၁၀၈)

ဒုကာဒိသင်္ချာဝါရ၌ ပစ္စည်းတွန်း (၄)မျိုးအစဉ် (ကောက်-၂၃၈)

၁။ အနုလုံ၌ ပစ္စနီယာနုလောမက စ၍တွန်းသည်။ ၂။ပစ္စနိက်၌ အနုလောမ ပစ္စနိက်က စ၍တွန်းသည်။

၃။ အနုလောမ ပစ္စနိက်၌ ပစ္စနိက်က စ၍တွန်းသည်။၄။ ပစ္စနီယာနုလောမ၌ အနုလုံက စ၍တွန်းသည်။

"ပဋိစ္စဝါရနှင့်တူသော သဟဇာတဝါရကိုထပ်ဟောရကြောင်း" အချင်းချင်းအနက်ကို မှတ်လိုသောကြောင့် (တနည်း) ဝေနေယျဇ္ဈာသယ, ဒေသနာဝိလာသကြောင့် သဟဇာတဝါရကို ထပ်၍ဟောသည်။

အချင်းချင်းအနက်မှတ်ပုံ -"စက္ခုံ့ ပဋိစ္စ ရူပေစ ဥပ္ပန္နတိ"အစရှိသည်တို့၌ စွဲ၍ပင်ဖြစ်သော်လည်းသဟဇာတမဖြစ်၊ ဥပါဒါရုပ်သည်လည်း ဘူတရုပ်နှင့်တကွဖြစ်သော်လည်း ဘူတရုပ်အား သဟဇာတ မဖြစ်။ ထိုသို့မဖြစ်သောကြောင့် ပဋိစ္စဟူ၍ ဆိုအပ်သော သဟဇာတပစ္စည်းအဖြစ်ကို မှတ်အံ့သောငှာ ဤ၂ပါးသော ဝါရကို ဟောတော်မူအပ်ကုန်၏။(တနည်း) ဝေနေယျဇ္ဈာသယ, ဒေသနာဝိလာသကြောင့်သဟဇာတဝါရကို ထပ်၍ဟောသည်။(၂၆၀)

ပဉှာဝါရ

(ပဓာန) ပဓာန ထားပုံထူးခြားချက်

* ဆဝါရ၌ ပစ္စယုပ္ပန်ကို ပဓာနအားဖြင့် (ပဓာနအားဖြင့်) ဟောတော်မူသည်။
* ပဉှာဝါရ၌ ပစ္စည်းကိုပဓာန (ပဓာန)အားဖြင့်ဟောတော်မူသည်။ (ကောက်-၃၃၅)

မေး- ပစ္စယနိဒ္ဒေသ၌ကဲ့သို့ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု ဓမ္မသဒ္ဒါဖြင့်မဟောဘဲ "ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ"ဟု အဘယ်ကြောင့် ခန္ဓ သဒ္ဒါဖြင့် ဟောတော်မူပါသနည်း။

ဖြေ - မရောယှက်သောအားဖြင့် ခွဲဂဝေခြင်းကိုပြခြင်းငှာ ပဋိစ္စ စသောဝါရတို့၌ ခန္ဓာ၏အစွမ်းအားဖြင့် ဒေသနာကိုတင်တော်မူခဲ့၏။ ထိုသို့ဆဝါရ၌ ဟောတော်မူသောအစဉ်ဖြင့် ဤပဉှာဝါရ၌လည်း ဒေသနာကိုတင်တော်မူသည်။ ထိုကြောင့် ခန္ဓ သဒ္ဒါဖြင့်ဟောတော်မူသည်။ (ကောက်-၃၃၅)

ပဉှာဝါရ၌ ခန္ဓာသဒ္ဒါဖြင့်ဟောရကြောင်း - ပဋိစ္စအစရှိသောဝါရတို့၌ ခန္ဓာ၏အစွမ်းအားဖြင့် ပစ္စယုပ္ပန္နဒေသနာကို တင်တော်မူ၏။ ထိုသို့ဟောတော်မူသော အစဉ်အားဖြင့် ဤပဉှာဝါရ၌လည်း ဒေသနာကို တင်တော်မူအပ်သောကြောင့် ပဉှာဝါရ၌ ခန္ဓာသဒ္ဒါဖြင့်ဟောရပါသည်။ (ကောက်-၃၃၅)

ဆဝါရ၌ ခန္ဓာသဒ္ဒါဖြင့်ဟောရကြောင်း- "ဧကံ ဓမ္မံ ပဋိစ္စ သေသာ ဓမ္မာ" အစရှိသည်ဖြင့် ဟောတော်မူသည်ရှိသော် ခွဲဝေခြင်းဝိသေသမဖြစ်၊ ရောရှက်သည်။ ခန္ဓာသဒ္ဒါနှင့်ဟောတော်မူမှ ခွဲဝေခြင်းဝိသေသဖြစ်သဖြင့် မရောရှက်သောအားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှာ ဆဝါရ၌ ခန္ဓာသဒ္ဒါနှင့်ဟောရပါသည်။(၃၃၅)

**အာရမ္မဏ = ဝိရတီ (၃)မျိုး**

၁။ သမ္ပတ္တဝိရတီ -တစ်စုံတစ်ယောက်သောသူ၏ အထံ၌မဆောက်တည်မူ၍ မိမိအလိုလိုပါဏာတိပါတအစ ရှိသည်မှကြဉ်ရှောင်ခြင်းတည်း။ (ကောက်-၃၄၆)

၂။ သမာဒါန ဝိရတီ-တစ်စုံတစ်ယောက်သောသူ၏အထံ၌ ဆောက်တည်၍ကြဉ်ရှောင်ခြင်းတည်း။

၃။ သမုစ္ဆေဒ ဝိရတီ-မဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်သောအားဖြင့် ကြဉ်ရှောင်ခြင်းတည်း။(၃၄၆)

http://www.dhammadownload.com


သီလံ သမာဒိယိတွာ ၌လိုအပ်သော သီလ နှင့် ဝိရတီ

-သီလံ သမာဒိယိတွာ၌ ပဉ္စင်္ဂ, ဒသင်္ဂသီလ-စသည်တို့၏အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကိုယူ၍ သမာဒါန ဝိရတီကိုသာတိုက်ရိုက်ညွှန်ပြသည်။ (ကောက်-၃၄၆)

-သမ္ပတ္တဝိရတီ သမုစ္ဆေဒဝိရတီတို့ကို (လောက၌ သီလဟူ၍မထင်ရှားသောကြောင့်) တိုက်ရိုက်မဟောပါ။ ထိုသို့ပင်မဟောသော်လည်း ၎င်းဝိရတီ၂ မျိုးသည် အာရမ္မဏပစ္စည်းသော်ကားဖြစ်ကုန်၏။(ကောက်၃၄၇)

မေး။ သီလံ သမာဒိယိတွာ-စသည်၌ ယူရမည့်ဝိရတီကို အကြောင်းပြဖြေပါ။ (၂၀၀၀-ခု၊ ရန်ကုန်တိုင်း)

ဖြေ။ သမာဒါနဝိရတီကိုသာ လောက၌သီလဟူ၍ ထင်ရှားသောကြောင့် ယူရပါသည်။(ပြောင်းပြန်နားလည်ပါ)

ဈာနာ ဝုဋ္ဌဟိတွာအရ - -

ဈာန် အရ အာဒိကမ္မိကယူသော် ဝုဋ္ဌဟိတွာအရ ဘဝင်ယူလေ။ ထို့နောက် ပစ္စဝေက္ခဏဖြစ်၏။ (တနည်း)ဈာန် အရ သမာပဇ္ဇနယူ၍ ဝုဋ္ဌဟိတွာအရ ဘဝင်ယူလေ။ ထို့နောက် ပစ္စဝေက္ခဏဖြစ်၏။(၃၄၉)

(ကု-ကု) အာဒိကမ္မိကဝီထိ၌ ဝိညာနဉ္စာယတနပုဂ္ဂိုလ်ကိုမရအပ်။ သမာပဇ္ဇနသာ ရအပ်၏။ သမာပဇ္ဇနဝီထိ ၌လည်း ရှေးဘဝအောက်ဘုံကဖြစ်ဘူးသော အာကာ-ကု-ကို အာရုံပြု၍ ဤဘဝ၌မရအပ်။ ဝိညာ-ဘုံ၌ အာကာ-ကုသိုလ် မရှိသောကြောင့်တည်း။

(ဒါတဗ္ဗန္တိ ဒါနံ၊ ဒေယျဓမ္မဒါန ဝတ္ထုရဏ်။) ဒီယတိ ဓတောယာတိဒါနံ– ဒါနစေတနာရဏ်။

အာရမ္မဏပစ္စည်း ကု-ကု၌ ဒေသနာ ၂-မျိုးနှင့် စေတောပရိယဉာဏ်ကိုထပ်၍ဟောရကြောင်း •

၁။ စေတော ပရိယဉာဏေန စသည်ကား - <u>ပုဂ္ဂလာဓိဋ္ဌာန ဒေသနာ</u>။

၂။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓ ဉာဏဿ-စသည်ကား <u>ဓမ္မာဓိဋ္ဌာန ဒေသနာ</u> - ဤသို့ ဒေသနာထူးသောကြောင့် အောက်၌ယူအပ်ပြီးဖြစ်သော်လည်း စေတောပရိယဉာဏ်ကိုထပ်၍ ဟောတော်မူသည်။ (ကောက်-၃၃၇) သီလံ သမာဒိယိတွာ-၌ သီလသရုပ်နှင့်ပုဂ္ဂိုလ်။ (ကောက်-၃၃၈) ၌ ရှုပါ ကောင်းလှပါ၏။

၁။ ပဉ္စင်္ဂသီလ-လူတို့၌ နိစ္စသီလ၊ ၂။ ဒသင်္ဂသီလ-သာမဏေတို့၌နိစ္စသီလ၊ ၃။ စတုပါရိသုဒ္ဓိသီလ,ဝတ္တသီလ -ရဟန်းပဉ္စင်းတို့၌ နိစ္စသီလ။ (ကောက်-၃၄၅)

**အဓိပတိ** = မေး-အဘယ်ကြောင့် ဒေါသမူ၊ မောဟမူ၊ မဟာကြိဝိပ်၊ မဟဂ္ဂုတ်၊ ကုသိုလ်စိတ်တို့သည် အလေးအမြတ် အာရုံမပြုပါသနည်း။

၁။ ပြစ်မှားတက် အမျက်ထွက်တတ်သောသူသည် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြုသောကြောင့် ဒေါသမူသည် အလေးအမြတ်အာရုံမပြုပါ။

၂။ မိုက်မဲတွေဝေသောသူသည် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြုသောကြောင့် မောဟမူသည် အလေးအမြတ်အာရုံမပြုပါ။

၃။ မဟာ ကြိယာ ဉာဏဝိပ္ပယုတ် ၄-ခုသည် ဉာဏ်ကင်းသောကြောင့် လောကုတ္တရာတရားကို အလေးအမြတ် အာရုံမပြုနိုင်သည်ဖြစ်၍ အလေးအမြတ်အာရုံမပြု။ အထွဋ်အမြတ်သို့ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ် သန္တာန် ၌ဖြစ်သောကြောင့် လောကီတရားကိုလည်း အလေးအမြတ်အာရုံမပြု။(အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်မဖြစ်ဟူလို)

၄။ မဟဂ္ဂုတ်ကုသိုလ်သည်မိမိကိုယ်တိုင်က မြတ်သောတရားဖြစ်သောကြောင့် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြု၊ ဥပမာအားဖြင့် အထွဋ်အမြတ်မင်းအဖြစ်သို့ရောက်နေသောသူသည် တစ်စုံတစ် ယောက်သောသူကိုမျှ အလေးအမြတ်မပြုသကဲ့သို့တည်း။ (ကောက်-၃၉၂)

http://www.dhammadownload.com



**အနန္တရပစ္စည်း -**

မေး - အနန္တရပစ္စည်း ကု-ကု ၌ "ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ" စသည်ဖြင့်ပင် ကုသိုလ်နာမက္ခန္ဓာတို့ကို တပေါင်းတည်းယူနိုင်လျက် အဘယ်ကြောင့် "အနုလောမံ ဂေါတြဘုဿ" စသည်ကိုဟောတော်မူပါသနည်း။ (ကောက်-၃၉၉)

ဖြေ - နာနာ - ရမ္မဏတရားသည် နာနာရမ္မဏတရားအား ကျေးဇူးပြုရာသလော, မပြုရာသလောဟူသော ယုံမှားသက်ာကိုနစ်စေလိုသောကြောင့် "အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ" ဟု ထပ်၍ဟောပါသည်။

- နာနာဘုမ္မိက တရားအချင်းချင်း အနန္တရသတ္တိဖြင့်ကျေးဇူးပြုရာသလော, မပြုရာသလော ဟူသော ယုံမှားသက်ာကို နစ်စေလိုသောကြောင့် - "ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ"ဟူသောပါဠိကိုထပ်၍ ဟောပါသည်။
- ကုသလံဝုဋ္ဌာနဿ - ၌ ကုသလံ အရတေဘူမက ကုသိုလ်ကိုယူ၊ ဝုဋ္ဌာနအရ တေဘူမက ဝိပါက်ကို ယူပါ။ (ဤနေရာ၌-ကုသိုလ်ဇောမှ ထတတ်သောကြောင့် ' ဝုဋ္ဌာန'ဟုခေါ်သည်)
- မဂ္ဂေါ ဖလဿ - ၌ လောကုတ္တရာဝိပါက်သည် ဇောဝီထိ၌ အကျုံးဝင်၍ ဝုဋ္ဌာနမမည်သောကြောင့် သီးခြားဟောရသည်။

**ဥပနိဿယပစ္စည်း -**

* ပကတူပနိဿယ - ကု+ကု၌ ရ-မဂ်၊ ရ-ဖိုလ် ကောက်ယူသင့်ပုံ ဆုံးဖြတ်ချက်မှာ - သူတပါးသန္တာန်မှ ပစ္စည်းကိုရခိုက် စိတ် ၈၉ပင် ရသင့်၏။ အနာဂတ်ဖြစ်သော ရ-မဂ်၊ ရ-ဖိုလ် တောင့်တ၍ ဒါန သီလ စသော ကုသိုလ်ကိုပြုရာ၌ မိမိသန္တာန်၌ ရသင့်၏။ (ကောက် - ၉၆ ဆဝါရ ဗဟို မကြာခဏ မေး၏)

**ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တရားကိုယ်**

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အရ မဟာကုသိုလ်၊ မဟာကြိယာ၊ ဉာဏသမ္ပယုတ်၊ မဂ်ဖိုလ်တို့၌ရှိသောဉာဏ်ကို ယူရမည်။ (ထိုတွင် ကုသိုလ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အတွက် မဟာကုသိုလ်ဉာဏသမ္ပယုတ်, မဂ်စိတ်တို့၌ ရှိသော ဉာဏ်ကိုယူ၊ အဗျာကတ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အတွက် မဟာကြိယာ ဉာဏသမ္ပယုတ် ဖိုလ် စိတ်တို့၌ရှိသော ဉာဏ်ကိုယူ။)

<u>ဥပနိဿယ ၂၃-ပါးဝေဖန်ပုံ</u>

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | ကု + ကု ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| ၂။ | ကု + အကု ၌ | (အာရမ္မဏူ | + | ပကတူ) | ၂ - ပါး | |
| ၃။ | ကု + ဗျာ ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| ၄။ | အကု + အကု ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| ၅။ | အကု + ကု ၌ | ( + | + | ပကတူ) | ၁ - ပါး | |
| ၆။ | အကု + အဗျာ ၌ | ( + | အနန္တရူ | ပကတူ) | ၂ - ပါး | |
| ၇။ | ဗျာ + ဗျာ ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| ၈။ | ဗျာ + ကု ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| ၉။ | ဗျာ + အကု ၌ | (အာရမ္မဏူ, | အနန္တရူ, | ပကတူ) | ၃ - ပါး | |
| | | | | ပေါင်း | ၂၃ - ပါး | |

← ပစ္စယနိဒ္ဒေသ သင်္ချာကိုးချက်လုံး ကောက်ရာ၌ ယခုပဥ္စဝါရ အတိုင်း ကောက်သည်၊ အားလုံး သင်္ချာ အလိုက်ရပုံ သတိပြုပါ။ အထူးကောက်စရာမလိုပြီ။

တေဝီသတိ ပ်ဓာနေ ဥပနိဿယော ဘာဇီတော-၄ ၄၄၉။(ကောက်-၄၂၅)

http://www.dhammadownload.com



နိယာမိဉ္စာဒိဋ္ဌိ (၃)မျိုး

၁။ အကိရိယဒိဋ္ဌိ - အကြောင်းကိုပယ်သောအယူ။

၂။ နတ္ထိကဒိဋ္ဌိ - အကျိုးကိုပယ်သောအယူ။

၃။ အဟေတုကဒိဋ္ဌိ - အကြောင်း + အကျိုး ၂-ပါးစုံကိုပယ်သောအယူ။

မာတုဃာတိ ကမ္မသ အရ ဖြတ်ဆဲသော မာဟုဃာတကကံရ၏။

ဖြေ။ (က) အကု-ဗျာ စသည် ဟောရာ၌ အနန္တရူပကို ရသောကြောင့် ကေသဋ္ဌိမထည့်ရခြင်းဖြစ်ပါသည်။ ဗျာ-ကု ပစ္စည်းဘက်ကောက်ရာ၌မိမိသန္တာန်၌ဖြစ်သောတရားကိုရည်၍ အရဟတ္တဖိုလ်ကြဉ်ရသည်။ ထို့ကြောင့် ပဋ္ဌာဝါရ၌ "သေက္ခာ ဖလံ ဥပနိဿာယ" အစရှိသည်ကို ဟောတော်မူသည်။ သူတပါး သန္တာန်၌ ပစ္စည်းကို ယူသော် ဝိပါက်စိတ် ဆတ္တိသပင်ဖြစ်သင့်ပါသည်။ (ကောက်-၃၂)

ပုရေဇာတပစ္စည်း –

မေး- အာပုဒ္ဓ အဘယ်ကြောင့် စက္ခုစသော ဩဠာရိကရုပ်ကိုသာဟော၍ အာပေါစသော သုခုမရုပ်ကို မဟောသနည်း? အာပုမဖြစ်၍ မဟောပါသလော?

ဖြေ - ရုန့်ရင်းသော ဩဠာရိကရုပ်၏အစွမ်းဖြင့် သိလွယ်စေလိုသောကြောင့် (သိလွယ်စေခြင်းငှါ) စက္ခု စသော ဩဠာရိကရုပ်တို့ကိုသာဟောသည်။ အာပေါစသော သုခုမရုပ်တို့ကိုမဟော။ ထိုသို့ပင် မဟော သော်လည်း အာပေါစသည်တို့သည် အာပုဖြစ်ကုန်သည်သာ။

ပစ္ဆာဇာတ -

ပစ္ဆာဇာတပစ္စည်းသည် ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုသည်။ (ဇနကသတ္တိ စသည်ဖြင့်ကျေးဇူးမပြု) ပစ္စယုဒ္ဓါရအခါမွှါယ် – – ဆဝါရ၌ကဲ့သို့ ပဋ္ဌာဝါရပစ္စနိက်၌ ဝိဘင်းကိုဟောတော်မမူ။ ထိုသို့မဟောသော်လည်း ထိုပစ္စနိက်လက္ခဏာ အကျဉ်းအားဖြင့် ပစ္စနိက်ကိုပြအံ့သောငှာ သင်္ဂါယနာဆရာတို့သည် ပစ္စယုဒ္ဓါရကို ထားတော်မူကုန်၏။ (ကောက် - ၅၂၇)

ခေါင်းဆောင် ၈-ပစ္စည်း (ကောက် ၅၃၃)

ခပ်သိမ်းသောပစ္စည်းတို့သည် - -

အာရမ္မဏ, သဟဇာတ, ဥပနိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ကမ္မ, ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယ ဤပစ္စည်းတို့၌ ဝင်ကုန်၏။ ဆောင်• အာ. သ. ဉ-ရေ ဆွာ. ကမ္မေ. ဟာရေ. ဣန္ဒြိ ရှစ်ပါးသိ။ (တနည်း) ၄-ပစ္စည်း။အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ဤ၄-ပစ္စည်းတို့၌လည်းဝင်ကုန်၏။ (သင်္ဂဟအလို)

အာရမ္မဏ၌ – အာရမ္မဏ, အာရမ္မဏာဓိပတိ, ဝတ္ထာရမ္မဏာနိဿယ, အာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏဝိပ္ပယုတ္တ, အာရမ္မဏ ပုရေဇာတတ္ထိ, အာရမ္မဏ ပုရေဇာတ အဝိဂတ ဤ၈-ပစ္စည်းတို့ဝင်ကုန်၏။

ဥပနိဿယ၌ – အနန္တရူပ - ပကတူပ - အနန္တရ - သမနန္တရ - အာသေဝန, နတ္ထိ, ဝိဂတ, ဗလဝနာနက္ခဏိက ကမ္မ ဟူသော ဤ (အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့်) ၈-ပစ္စည်းတို့သည်ဝင်ကုန်၏။

ကမ္မ ၌=ကာမဝိပါက်အား တပ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ, ကဋတ္တာရုပ်အား တပ်သော ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ဟူသော ကမ္မ တစ်ပစ္စည်းသာဝင်၏။

(သတ္တဝါတို့၏ ဘဝနိမ့်မြင့် ဘဝယုတ်မြတ် ကွာခြင်းမှာ နာနာ-ကမ္မ ခွဲခြားခြင်းဖြစ်သည်)

http://www.dhammadownload.com



အတ္ထိ၌ အတ္ထိ ၅-မျိုးရသည်တွင် (ကောက်-၅၃၃)

(က) သဟဇာတတ္ထိ - ၌ ဟေ, မိ, သဟံ၊ အဉ်, နိ, ကံ၊ ဝိပ်, ဟာ, ဣန်, ဈာန်။
မဂ်, သမ်, ဝိပ်, အတ်၊ အဝိ မှတ်၊ သဟတ် ဆယ့်ငါးတန်-ဟူသော သဟဇာတမျိုး - (၁၅)ပစ္စည်းဝင်၏။

(ခ) ဝတ္ထုပုရေဇာတတ္ထိ - ၌ နိ, ပု, ဣန္ဒြိ၊ ဝိပ်, အတ္ထိ, အဝိ ဝတ္ထု ခြောက်-ဟူသော ဝတ္ထုမျိုး (၆)ပစ္စည်းဝင်၏။

(ဂ) ပစ္ဆာဇာတတ္ထိ - ၌ ပစ္ဆာ, ဝိပ်, အတ်၊ အဝိ-မှတ်၊ လေးရပ် ပစ္ဆာမျိုး - ဟူသော ပစ္ဆာဇာတမျိုး (၄) ပစ္စည်းဝင်၏။

(ဃ) ရုပ်အာဟာရတ္ထိ - ၌ အာဟာရ, အတ္ထိ, အဝိဂတ - ဟူသော ရုပ်အာဟာရ (၃)ပစ္စည်းဝင်၏။

(င) ရူပဇီဝိတိန္ဒြိယတ္ထိ - ၌ ဣန္ဒြိယ, အတ္ထိ, အဝိဂတ - ဟူသော ရူပဇီဝိတိန္ဒြိယမျိုး (၃)ပစ္စည်းဝင်၏။

သဘာဂနှင့် ယဋနာအထူး * ပစ္စည်းပစ္စယုပ္ပန် တရားကိုယ်အရတူသော မူပစ္စည်းတစ်ခု၊ မူလီပစ္စည်းတစ်ခုကို (ဣတိသဒ္ဒါမပါမူ၍) သင်္ချာတပ်ခြင်းသည် "သဘာဂ"၊

* မူပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန်တရားကိုယ်အရ တူကြသော တပြိုင်နက်ရကောင်းသော (တစ်ပစ္စည်း , နှစ်ပစ္စည်းမှစ၍) အစိတ်စိတ်ပစ္စည်းများကို စုပေါင်း၍ ဣတိသဒ္ဒါလောင်းစွက်လျက် သင်္ချာတပ်ခြင်းသည် "ယဋနာ" ဤသို့ထူးပါသည်။

## ပဋ္ဌာန်းအဋ္ဌကထာပြ သိမှတ်ဘွယ်ရာများ

သန္တာန် ကြီးလေး အညာ၊ ဗဟိဒ္ဓ၊ သဗ္ဗ အဇ္ဈတ္တာ။ (အဇ္ဈတ္တ, ဗဟိဒ္ဓ ခွဲရန်)

ကာလ - ၁။ အနန္တရယေ၊ နတ်-ဝိ-သေ၊ ငါးထွေ အတိတ်သာ။
၂။ ကမ္မပစ္စယ်၊ ဒွိကာလ်၊ ပွန်နှင့်အတိတ်သာ။
၃။ အာ-မိ-ဥပ၊ သုံးကာလ၊ ကာလဝိမုတ္တာ။
၄။ တဆယ့်ငါးတန်၊ ပစ္စုပ္ပန်၊ ကြွင်းကျန်ပစ္စည်းမှာ။

ယုဂဋက - ၁။ နန်-သမနန်၊ ဤနှစ်တန်၊ အတ္တံသရိက္ခာ။(အတ္တသရိက္ခ = အနက်တူ)
၂။ နိဿယူပ၊ နိဿယ၊ သဒ္ဒသရိက္ခာ။ (သဒ္ဒသရိက္ခာ = သဒ္ဒါတူ)
၃။ ပုရေ-ပစ္ဆာ၊ ဤနှစ်ဝ၊ ကာလ-ဋိပက္ခာ။ (ကာလ-ပဋိပက္ခ-ကာလဆန့်ကျင်)
၄။ သမ်နှင့်ဝိပ္ပ၊ ဤနှစ်ဝ၊ အညာ-ပဋိပက္ခာ။ (အညမညပဋိပက္ခ-အချင်းချင်းဆန့်ကျင်)
၅။ အတ္ထိ-နတ္ထိ၊ ထို့တူသိ၊ ဝိနှင့်အဝိမှာ။ ( ။ )
၆။ ကမ်-ဝိပါဟု၊ ဤနှစ်ခု၊ ဟေတုဖလသာ။ (ဟေတုဖလ = အကြောင်းအကျိုး)

ဇနကာဇနက - ၁။ ကမ်ကြဉ် နန်ဆာ၊ နာကမ္မ၊ ပကတနိဿယာ။
၂။ ဇနကခေါ်၊ ဤရှစ်ဘော်၊ မိန့်တော်ဋကထာ။
၃။ ပစ္ဆာဇာတ၊ တခုမျှ၊ ဥပထမ္ဘကာ။
၄။ ဇနကာဇနက၊ ထမ္ဘက၊ သေသ-ဆယ့်ငါးဖြာ။

သဗ္ဗဋ္ဌာနိကာသဗ္ဗဋ္ဌာနိက - ၁။ သဟဇာတ၊ ကြီးလေးဝ၊ သဗ္ဗဋ္ဌာနိကာ။
၂။ ပု-ပစ်-သမ္ပ၊ အနန်ဆာ၊ ကမ္မကြဉ်ရွေ့သာ။
၃။ ပကတူထည့်၊ အာ-အာမိ၊ ဌာနိအသဗ္ဗာ။
၄။ ကြွင်းကျန်ပစ္စည်း၊ အသီးသီး၊ တနည်းနသဗ္ဗာ။

http://www.dhammadownload.com



ဘုံ - ၁။ ကြီးလေး အညာ၊ ဣ္က, ကမ္မ၊ သတ္တအသညာ။
၂။ ပုရေ-ဝိပ္ပ၊ ပစ္ဆာဇ၊ မရ အရူပါ။
၃။ ပဉ္စဝေါတွင်၊ အားလုံးပင်၊ ကုန်စင်ရသည်သာ။

ပဝတ္တိ ပဋိသန္ဓေ - ၁။ မိ-ပု-ပစ်-သေ၊ ဤလေးထွေ၊ သန္ဓေမရပါ။
၂။ ပဝတ္တိတွင်၊ အားလုံးပင်၊ ကုန်စင်ရသည်သာ။

**အနုလုံ "နာမ်သက်သက်ဟောသော" ပစ္စည်းများ**

အနန်-သနန်၊ အာသေဝသမ်၊ မှတ်ရန်နတ္ထိ ဝိဂတာ။
နာမ်သက်သက်သာ၊ ဟောခဲ့ရာ၊ ခြောက်ဖြာ ပစ္စယ။ (ပဉှာဝါရ)

**အနုလုံ "ရုပ်သက်သက်ဟောသော" ပစ္စည်းများ**

ရူပါဟာရာ၊ ရုပ်ဇီဝါ၊ နှစ်ဖြာ ပစ္စယ။ ပစ္စည်း ပစ္စယုပ္ပန်၊ ထိုနှစ်တန်၊ ဧကန်ရုပ်ချည်းရ။
ဣ္ဍာ, ကတ္တားမှာ၊ နာမ်ချည်းသာ၊ ပွန်မှာ ရုပ်ချည်းရ။ ထိုမှသေသ၊ ပစ္စယ၊ ရကြထိုက်သင့်စွ။

နိဗ္ဗာန်+ပညတ် – နိဗ္ဗာန်သည် အာ-မိ-ဥ ဟု သုံးပစ္စည်း။ ပညတ်သည် အာ–ဥ-ဟု နှစ်ပစ္စည်း။

<u>ပကတူပနိဿယ–မှ စာမေးပွဲ မေးခွန်းပုံစံများ</u>

မေး - (က) ငါသာလျှင် ပညာရှိဟု ထောင်လွှားသူအား ရရှိနိုင်သောပစ္စယုပ္ပန်။ (၁၉၆၉)
(ခ) ဆင်းရဲကင်းစေရန် သီလဆောက်တည်သူအား ရနိုင်သော ပစ္စည်းတရားတို့ကိုကောက်ပါ။

ဖြေ - (က) ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ။ (ခ) ကာယိကံ ဒုက္ခံ ဥပနိဿာယ သီလံ သမာဒိယတိ။

မေး - ပဋိသမ္ဘိဒါမဂ်ဉာဏ်ဟူသည် အဘယ်ပညာကို ခေါ်ပါသနည်း။ ဖော်ပြပါ။ (၁၉၇၂)

ဖြေ - မဟာကုသိုလ် ဉာဏ်သမ္ပယုတ်စိတ် ၄ ခု၌ရှိသော ပညာကိုခေါ်ပါသည်။

မေး - ကိုယ်တိုင်ဝက်သက်၍ ဆွမ်း ကျွေးသူအတွက် ကြောင်းကျိုးသတ္တိများကို ဖော်ပြပါ။ (၁၉၇၃)

ဖြေ - ပါဏာတိပါတစေတနာ အကုသိုလ်အကြောင်းကြောင့် ဒါနစေတနာ ကာမကုသိုလ်အကျိုးသည် ပကတူပနိဿယသတ္တိဖြင့်ဖြစ်၏။

<u>(၂၀၀၀-ပြည့်၊ ဗဟိုမေးခွန်းနှင့်အဖြေ)</u>

မေး -ကိုယ်ချမ်းသာမှု၊ အကြောင်းပြု၍၊ ကောင်းမှုများစွာ၊ ပြုတတ်ရာ၌" ရဟန္တာအရှင်မြတ်တို့ ပြုတတ်သော ကောင်းမှု, ပုထုဇဉ်သေက္ခတို့ပြုတတ်သော ကောင်းမှုတို့ကို ပြဆိုသောပါဠိကို (ပကတူပနိဿယ ဗျာ+ဗျာ၊ ဗျာ+ကု မှ) ထုတ်နှုတ်ရေးပြပါ။ (၂၀၀၀-ပြည့်၊ ဗဟိုမေးခွန်း)

ဖြေ - <u>ရဟန္တာအရှင်မြတ်တို့ပြုတတ်သော ကောင်းမှုပါဠိ။</u>
အရဟာ ကာယိကံ သုခံ - ပ - အနုတ္တတော ဝိပဿတိ။
<u>ပုထုဇဉ် သေက္ခတို့ပြုတတ်သော ကောင်းမှုပါဠိ။</u> ကာယိကံ သုခံ - ပ - သမာပတ္တိံ ဥပ္ပါဒေတိ။

မေး- အောက်ပါတို့ကို (ပဉှာဝါရ ဝိဘင်မှ) လိုရင်းထောက်၍ ပြည့်စုံအောင်ကောက်ပြပါ။
(က) အရဟတ္တဖိုလ်၏အာရမ္မဏ ပစ္စယုပ္ပန်တရား။ (ခ)အရဟတ္တဖိုလ်၏ အနန္တရပစ္စည်းတရား။

ဖြေ - (က) အရဟာ ဖလံ ပစ္စဝေက္ခတိ - ကိုထောက်၍ မဟာကြိယာဉာဏသမ္ပယုတ်စိတ် - ၄ပါး။
(ခ) မဂ္ဂေါ ဖလဿ-ကိုထောက်၍ အရဟတ္တမဂ်။ ။ပုရိမာ ပုရိမာ ဝိပါကာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံခန္ဓာနံ-ကိုထောက်၍(ဖလသမာပတ္တိဝီထိရှိ)ရှေးရှေးသောအရဟတ္တဖိုလ်စိတ်။

http://www.dhammadownload.com



အရဟတော အနုလောမံ ဖလသမာပတ္တိယာ - ကိုထောက်၍ အနုလုံကိစ္စတပ်သော မဟာကြိယာ - ပ,၁ွေး၊တ,၁ွေး။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝ-ကြိယံ ဖလသမာပတ္တိယာ-ကိုထောက်၍ နေဝ-ကြိယာရ၏။

မေး၊ အရိယာဘ၀ အစဦးဆုံးစိတ်၏ -

(က) အမည်၊ (ခ) ဝတ္ထုပုရေဇာတပစ္စည်းတရား၊ (ဂ) နတ္ထိပစ္စယုပ္ပန်တရားတို့ကို အသီးအသီးဖော်ပြပါ၊

ဖြေ၊ (က) သောတာပတ္တိမဂ်စိတ်၊ (ခ) သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘူနှင့်တကွဖြစ်သော ဟဒယဝတ္ထု၊ (ဂ) သောတာပတ္တိဖိုလ်။ (၁၃၄၉-၅၀ ခုနှစ်၊ အစိုးရပဋ္ဌာ) (နမူနာယူပါ)

## ပဥ္စာဝါရ အာရမ္မဏ – အနုဝါဒ အနက်ထူးများ (ကောက်-၃၃၇-၈)

ကု - ကု။ ဒါန်' - ဒေယျဓမ္မံ၊ လှူအပ်သောဒါနဝတ္ထုကို။ ဒတွာ-စဇိတွာ၊ စွန့်၍။ (တနည်းကား) ဒါနံ၊ လှူကြောင်းဖြစ်သော ဒါန စေတနာကို။ ဒတွာ၊ ပရိယောဒါပေတွာ ဝိသုဒ္ဓကတွာ၊ စင်ကြယ်ခြင်းကိုပြု၍။ တံ၊ ထိုပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသောကာမကု-ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သီလံ-ပဉ္စင်္ဂဒသင်္ဂါဒိဝသေနနိစ္စသီလံ၊ ပဉ္စင်, ဒသင်သီလ အစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကို၊ သမာဒိယိတွာ-ဂဏှိတွာ၊ ကောင်းစွာယူဦးဆောက်တည်ဦး၍။ တံ၊ ထိုပဉ္စင်သီလ, ဒသင်သီလ အစရှိသည်တို့၏အစွမ်း အားဖြင့်ဖြစ်သော နိစ္စသီလကို။ ပစ္စဝေက္ခတိ၊ ၏။

ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ သုံးအပ်သော အဋ္ဌင်ဥပုသ်ကို။ ကတွာ၊ ဆောက်တည်ပြီး၍။ တံ၊ ထိုအဋ္ဌင် ဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ပစ္စဝေက္ခတိ၊ ၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ အလေ့အကျက်ပြုအပ်ပြီးကုန်သော ဒါန, သီလ, အဋ္ဌင်ဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ၏။

ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ကို။ ပစ္စဝေက္ခတိ၊ ၏။ <u>သေက္ခာ</u>၊ သေက္ခာဟု ဆိုအပ်ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဂေါတြဘုံ၊ သောတာပတ္တိမဂ်၏ ရှေ့ဂေါတြဘုကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ <u>သေက္ခာ</u>၊ သေက္ခဟုဆိုအပ်ကုန်သော သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ ဝေါဒါနံ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ ရှေ့ဝေါဒါန်ကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ <u>သေက္ခာ</u>၊ သေက္ခဟု ဆိုအပ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ မဂ္ဂါ၊ မဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ မဂ္ဂံ၊ မဂ်တရားကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။

သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်၎င်း။ ပုထုဇ္ဇနာဝါ၊ တို့သည်၎င်း။ ကုသလံ၊ တေဘူမကကု- ကို။ အနိစ္စတော-အနိစ္စ န္တိ၊ အနိစ္စဟူ၍၎င်း။ ဒုက္ခတော-ဒုက္ခံ န္တိ၊ ၎င်း။ အနတ္တတော-အနတ္တာ န္တိ၊ ၎င်း။ (*တနည်းကား*) အနိစ္စတော-အနိစ္စဝသေန၊ အနိစ္စအစွမ်းအားဖြင့်၎င်း။ ဒုက္ခတော-ဒုက္ခဝသေန၊ ၎င်း။ အနတ္တတော-အနတ္တဝသေန၊ ၎င်း။ ဝိပဿန္တိ၊ ဝိပဿနာပြုကုန်၏။

သေက္ခာဝါ၊ တို့သည်၎င်း။ ပုထုဇ္ဇနာဝါ၊ တို့သည်၎င်း။ စေတောပရိယဉာဏေန၊ သူတစ်ပါးတို့၏စိတ်ကို ပိုင်းခြား၍သိသော စေတောပရိယအဘိညာဉ်ဖြင့်။ ကုသလစိတ္တ-သမင်္ဂိဿ၊ ကုသိုလ်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ ကို။ ဇာနန္တိ၊ သိကုန်၏။ အာကာသာနဉ္စာယတနကုသလံ၊ ဤဘ၀, ရှေးဘ၀ အဖွတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာ-ကုသိုလ်သည်။ ဝိညာဏဉ္စာယတန ကုသလဿ၊ ဖြစ်ဆဲသော ဝိညာ-ကု-အား။ (အာရမ္မဏပစ္စယေန ပစ္စယော ဟောတိ) အာကိဉ္စညာယတနကုသလံ၊ ဤဘ၀, ရှေးဘ၀ အဖွတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိ-ကု-သည်။ နေဝသညာနာသညာယတနဿ၊ ဖြစ်ဆဲသော နေဝ-ကု-အား။ (အာရမ္မဏ-ဟောတိ)။ ကုသလာ၊ ကု-ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ ဣဒ္ဓိဝိဓဉာဏဿစ၊ ဣဒ္ဓိဝိဓဉာဏ်အား၎င်း။ ပ။ (အာရမ္မဏ-ဟောတိ) (ကောက်-၃၃၇-၈)

http://www.dhammadownload.com



(ကု-အကု) တံ-တာနိ၊ ထို ဒါန, သီလ, အဌင်္ဂဉပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကု-တို့ကို။ (ဝစန ဝိပလ္လာသကြံ) (တနည်း)။ တံ၊ ထို -- ကာမကု-ကို (ဇာတ်ကိုင်)။ (ပ) ဈာနေ၊ သည်။ ပရိဟီနေ၊ ယုတ်သည် ရှိသော်။ ဝိပ္ပဋိသာရိဿ၊ ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာရှိသောသူအား။ ဒေါမနဿံ၊ သည်။ ဉပ္ပဇ္ဇတိ၊ ၏။ (ကောက်-၃၅၉)

## ပဋ္ဌာဝါရ - အနန္တရ အနုဝါဒအနက် (ကောက်-၃၉၇)

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ၊ ကုန်သော။ ခန္ဓာ၊ အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသနာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ခန္ဓာနံ၊ ပဌမဇောကြဉ်သောကုသိုလ်ဧကဝီသ နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။

အနုလောမံ၊ သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကု - ပ - ဒွေး, တ-ဒွေးသည်။ ဂေါတြဘုဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကု - ပ - ဒွေး, တ - ဒွေးအား။ အနုလောမံ၊ သည်။ ဝေါဒါနဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကု-ပ-ဒွေး,တ - ဒွေးအား။ ဂေါတြဘု၊ သည်။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။ ဝေါဒါနံ၊ သည်။ မဂ္ဂဿ၊ အထက်မဂ် ၃-ခုအား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ။ ၏။ (ကု-ကု) (ကောက်-၃၉၇)

ကုသလံ၊ လောကီကုသိုလ်သတ္တရသအဆုံးဇောသည်၊ ဝုဋ္ဌာနဿ၊တဒါရုံ,ဘဝင်အား။ မဂ္ဂေါ၊မဂ်၄-ခုသည်။ ဖလဿ၊ ဖိုလ် ၄-ခုအား။ အနုလောမံ၊ သည်။ သေက္ခာယ၊ သေက္ခဖြစ်သော။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသောအနာဂါမ်ပုဂ္ဂိုလ်၏။ နေဝသညာနာသညာယတနကုသလံ၊ သည်။ ဖလသမာပတ္တိယာ၊ အနာဂါမိဖိုလ်ဟုဆိုအပ်သော ဖလသမာပတ်အား။ (ကု-ဗျာ) (ကောက်-၃၉၉) (အနုဝါဒ အရကောက်များပါလေ့လာပါ)

အကုသလံ၊ အကုသိုလ်ဒွါဒသအဆုံးဇောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံ, ဘဝင်အား။ (အကု-ဗျာ)(၄၀၀)

ဘဝင်္ဂံ၊ ဘဝင်သည်။ အာဝဇ္ဇနာယ၊ အာဝဇ္ဇန်းဒွေးအား။ ကြိယံ၊ ကြိယာအဌာရသအဆုံးဇော, ဒုတိယ ဝုဋ္ဌောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံ, ဘဝင်အား။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏။ အနုလောမံ၊ အနုလုံသည်။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသောပုဂ္ဂိုလ်၏။ နေဝသညာနာသညာယတနကြိယံ၊ သည်။ ဖလသမာပတ္တိယာ၊ အရဟတ္တဖိုလ်အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ (ဗျာ-ဗျာ)

အာဝဇ္ဇနာ၊ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းသည်။ ကုသလာနံ၊ ကုန်သော။ ခန္ဓာနံ၊ မဟာကုသိုလ် ပ-ဇော နာမက္ခန္ဓာတို့အား။ (ဗျာ-ကု)(ကောက်-၄၀၅) (ဆတ်ိမြံ - ဤအနက်သည်ပင် အနုဝါဒအရကောက်ဖြစ်သည်)

## ပဋ္ဌာဝါရ - ပကတူပနိဿယ အနုဝါဒအနက် ထူးများ (ကောက်-၄၁၂)

သဒ္ဓံ၊ သဒ္ဓါခြင်းကို။ (တနည်းကား) ကံ, ကံ၏အကျိုး၊ ဤပစ္စုပ္ပန်လောက, တမလွန်လောက အစရှိ သည်တို့၌ ယုံကြည်ခြင်းကို။ ဉပနိဿယ-ဉပနိဿယံကတွာ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ။ ပေး၏။ သီလံ၊ ကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဉပေါသထကမ္မံ၊ ဉပုသ်နေ့၌ဆောက်တည်အပ်သော အဌင်္ဂဉပုသ် ကို။ ကရောတိ၊ ဆောက်တည်၏။

သေက္ခာ၊ သေက္ခဟုဆိုအပ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊ မိမိ ရအပ်သော မဂ်ကို။ ဉပနိဿာယ၊ ၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။(တနည်းကား)ခဏတ္တယသို့မရောက်သေးသော။ သမာပတ္တိံကို။

http://www.dhammadownload.com



ဥပ္ပါဒေန္တိ၊ ကုန်၏။ (တနည်းကား) ခဏတ္တယသို့ ရောက်စေကုန်၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော သမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကုန်၏။

မဂ္ဂေ၊ အောက်မဂ်သုံးခုသည်။ သေက္ခာနံ၊ တို့အား။ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ပါဠိတော်၏ အနက်ကို သိသော အတ္ထပ္ပဋိသမ္ဘိဒါ ဉာဏ်အား။ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ မာဂဓဘာသာ ပါဠိဟူသော သဒ္ဒါကို သိသောဓမ္မပ္ပဋိသမ္ဘိဒါဉာဏ်အား၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကို သိသော နိရုတ္တိပ္ပဋိ သမ္ဘိဒါ ဉာဏ်အား၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ အနက်သဒ္ဒါ ဘာသာသုံးပါးကို သိသောပဋိဘာနပ္ပဋိ သမ္ဘိဒါဉာဏ်အား။ ဌာနာဌာန ကောသလ္လဿ၊ အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဌာန ကောသလ္လဉာဏ်အား။(ကု-ကု)(ကောက်၄၁၃)

## ပစ္စယနိဒ္ဒေသ အနက်ထူးများ

**အာရမ္မဏနိဂုံး အနက်--(အာဓိ-အနက် ။)**

ယံယံဓမ္မံ၊ အကြင်ကြင်သို့ သဘောရှိကုန်သော အာရုံခြောက်ပါး ပစ္စည်းတရားကို။(အာရဗ္ဘ၊ အာရုံပြုကုန်၍/ ဂရုံကတွာ၊အလေးအမြတ်ပြုကုန်၍။)ယေယေ ဓမ္မာ၊ အကြင်ကြင်သို့သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုသို့ သဘောရှိကုန်သော အာရုံ၆-ပါး ပစ္စည်းတရားတို့သည်။ တေသံတေသံ ဓမ္မာနံ၊ ထိုထိုသို့ သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့အား။အာရမ္မဏ။ပ။ဟောတိ။(ကောက်-၈/ကောက်-၁၄)

**အနန္တရပစ္စည်း၏ အကျဉ်းလက္ခဏာပြအနက် ။**

ယေသံယေသံ၊ အကြင်အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာပစ္စည်းတရားတို့၏။ အနန္တရာ၊ အခြားမဲ့၌။ ယေယေဓမ္မာ၊ အကြင်အကြင်သို့ သဘောရှိကုန်သော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ် ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေတေ ဓမ္မာ၊ ထိုထိုသို့သဘောရှိကုန်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသောနာမက္ခန္ဓာတို့သည်၊ တေသံတေသံ ဓမ္မာနံ၊ ထိုထိုသို့သဘောရှိကုန်သော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့အား။အနန္တရ။ပ။၏။ (ကောက်-၁၈)

(မှတ်ချက် ။ ပစ္စယနိဒ္ဒေသအနက်များသည် ပဋ္ဌာဝါရရှိ ဆိုင်ရာသုဒ္ဓသချာနှင့်အရကောက်တူကြသည်။

| မေး | သေက္ခပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာ၅-ဝီထိ အနုဝါဒပါဠိ | ရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာ ၄-ဝီထိ အနုဝါဒပါဠိ |
|---|---|---|
| ဖြေ | (မဂ်) သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ | (ရမဂ်)အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။ |
| | (ဖိုလ်) သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ | (ရဖိုလ်)အရဟာ ဖလံ ပစ္စဝေက္ခတိ။ |
| | (နိဗ္ဗာန်) နိဗ္ဗာနံ ပစ္စဝေက္ခန္တိ | (နိဗ္ဗာန်)နိဗ္ဗာနံ ပစ္စဝေက္ခတိ။ |
| | (ပယ်ကိလေ)သေက္ခာ ပဟီနေ ကိလေသေ ။ | (ပယ်ကိ)အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ။ |
| | (ကြွင်းကိလေ) ဝိက္ခမ္ဘိတေ ကိလေသေ ။ | (ကြွင်းကိလေမရှိ) |

မေး - ဆဝါရ အနုလုံ၌ အောက်ပါတို့ကို ဖော်ပြပါ - -

(က) ဟောသော သတ္တိ၊ (ခ) မဟောသော သတ္တိ။ (ဂ) ဟောသော အတ္ထိ၊ (ဃ) မဟောသော အတ္ထိ။

ဖြေ -(က) ဇနကသတ္တိ။ (ခ) ဥပတ္ထမ္ဘကသတ္တိ, ပါလနသတ္တိ။

(ဂ) သဟဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ, ရူပါဟာရတ္ထိ, ဣန္ဒြိယတ္ထိ။ (ကောက်-၁၁၆)

(ဃ) ပစ္ဆာဇာတတ္ထိ, အာရမ္မဏပုရေဇာတတ္ထိ။ (ယခုမေးခွန်းများ မေးဘူးလျှပြီ ဖြေနိုင်သူနည်းပါ၏)

http://www.dhammadownload.com



မေး။ ပုရိမာ၊ ပုရိမာ အဗျာကတာဓမ္မာပစ္ဆိမာနံ၊ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေနပစ္စယော-၌
(က) အာရမ္မဏူပနိဿယ၊ (ခ) အနန္တရူပနိဿယ များကို ရှမ့်ျော်၍ အနက်ပေးပြပါ။

ဖြေ။ (က) ဤကျမ်း နှာ ၁၇-ရှိ အာ၀ိ-အာရမ္မဏူပနိဿယ အရကောက်အတိုင်းအနက်ပေးပါလေ။
(ခ) ဤကျမ်း နှာ၂၅-ရှိ-အနန္တရူပနိဿယ အရကောက်အတိုင်းအနက်ပေးပါလေ။(၂၀၀၄၊ ရန်ကုန်တိုင်း)

မှတ်ချက်။ ။ရူပိနော ဓမ္မာ အရူပိနံ-စသည်၌ 'သဟဇာတ၀ိပ္ပယုတ္တ'၊ 'ပုရေဇာတ၀ိပ္ပယုတ္တ' တို့၌လည်း အရကောက်အတိုင်းပင် အနက်ပေးရပါမည်။ ကျန်မျိုးကွဲရှိသောပစ္စည်းများ၌ နည်းတူသိပါလေ။
ဆ၀ိရဆိုင်ရာ အနက်များကို ဤကျမ်းစာ ၆၂၊ ၆၈၊ ၈၃၊ ၈၅-တို့၌ သ္ဒနေရာအားလျော်စွာပြထားသည်။

မေး၊ အာရမ္မဏပစ္စည်းလာ"အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ"၌ (ဗျာ-ဗျာ)(ဗျာ-ကု)ကတ္တားအရကိုသာ ပြည့်စုံစွာကောက်ပြ၍၊ ရင်းပါဠိတော်သည် မည်သည့် ဒေသနာအမျိုးအစား ဖြစ်သည်ကိုလည်းဖော်ပြပါ။

ဖြေ၊ အဗျာကတာ ခန္ဓာ-အရ --
ဗျာ-ဗျာ၀ိဓိအရ-ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အားတပ်သော ပါဒကဖြစ်သော ရူပါ၀စရကြိယာပဥ္စမဈာန်။ သတ, သဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သောအာရုံ ၆-ပါးရ၏။(ကောက်-၃၈၂)
ဗျာ-ကု ၀ိဓိအရ - ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားတပ်သော သတ, သဟဿစသော နိမ္မိတရုပ်ဟုဆို အပ်သော အာရုံ ၆-ပါး ပစ္စည်းတရား ရ၏။ (ကောက်-၃၈၆)
ဒေသနာအမျိုးအစားကား - ဓမ္မာဝိဋ္ဌာန်ဒေသနာဖြစ်ပါသည်။ (ကောက်-၃၃၈)
မှတ်ချက်။ ။ ယခုအမေးကိုရှု၍ နည်းတူမေးခွန်းများ ကြံဆတော်မူကြကုန်ရာ၏။

မေး၊ အောက်ပါတို့ကို ကုန်စင်အောင်ဖော်ပြပါ။
(က) ၀ိညာဏဥ္စာယတနကုသိုလ်၏ အာရမ္မဏပစ္စည်းတရား။
(ခ) အရဟတ္တဖိုလ်၏ အနန္တရပစ္စည်းတရား။
(ဂ) ဩဇာ၏ (ဥပတ္ထမ္ဘက) အာဟာရပစ္စယုပ္ပန်။

ဖြေ၊ (က) ဤဘ၀ရှေးဘ၀အဆွတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။
(ခ) အရဟတ္တဖိုလ်သောမနဿသဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သောမဟာကြိယာပဉ္စမဒွေး။
အရဟတ္တဖိုလ်ဥပေက္ခာသဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သောမဟာကြိယဒွေး။ နိရောဓသမာပတ်မှထသောအခါအရဟတ္တဖိုလ်အားတပ်သော နေ၀သညာနာသညာယတနကြိယာ အဆုံးဇော။နောက်နောက်သော အရဟတ္တဖိုလ်အားတပ်သော ရှေးရှေးသော အရဟတ္တဖိုလ်ဇော(၂၃)
(ဂ) ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်ပစ္စည်းတရားရ၏။ (ကောက်-၄၄)

မေး၊ "အချင်းချင်းအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု" ဟူသောသုဒ္ဓသချာအရ ဖြစ်ထိုက်သော အောက်ပါ၀ါရတို့လာ ပါဠိများကို ရေးပါ။(က) ပစ္စယနိဒ္ဒေသ။ (ခ) ပဥှာ၀ါရ အနုဝါဒ။

ဖြေ၊ (က) ဩက္ကန္တိက္ခဏေ နာမရူပံ သဟဇာတပစ္စယေန ပစ္စယော။ (ကြီး ၄၊ ည၊ သဟဝိပ် ၆)
(ခ) ပဋိသန္ဓိက္ခဏေ ခန္ဓာ ၀တ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။
၀တ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ (သုဒ္ဓသချာကို ကိုင်၍မေးနည်းကို သဘောကျပါ)

http://www.dhammadownload.com



မေး၊ သီလံ သမာဒိယိတွာ - ၌ ဣတ္တာစိပ္ပေတ သီလနှင့်ဝိရတိ - တို့ကို သိသာရုံညွှန်ပြပါ။ (၉-နံပါတ်)

ဖြေ၊ ဣတ္တာစိပ္ပေတ သီလနှင့်ဝိရတိ-ပဋ္ဌာ် ၁သင် စသည်တို့၏အစွမ်းအားဖြင့် ဖြစ်သောနိစ္စသီလ။(၅-မှတ်)။ သမာဒါနဝိရတိ။ (၅-မှတ်)။ (၂၀၀၄-ခုနှစ်၊ ဗဟိုမေးခွန်း-မူရင်းအဖြေမှန်အတိုင်းဖြစ်သည်)

မေး။ ပစ္စယနိဒ္ဒေသလာ နိဗ္ဗာန်သည်မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားအာ ကျေးဇူးပြုပုံ နိဒဿနာကာရပြပါဠိများကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတု တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။
ယံယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။
ယံယံ ဓမ္မံ ဂရုံကတွာ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။
ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံဥပနိဿယပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

မေး။ ဥပနိဿယပစ္စယာ ကမ္မေ ဒွေ-သဘာဂအရ ဖြစ်ထိုက်သော ဝိဘ၊ အနုဝါဒများထုတ်ဆောင်၍ သမ္ပဒါန်အရကိုသာ ပြည်စုံအောင်ကောက်ပြပါ။

ဖြေ။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ကမ္မ ပစ္စယေန ပစ္စယော။ (ဝိဘ)
ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ ကမ္မပစ္စယေန ပစ္စယော။ (အနုဝါဒ)
အရကား - ကုသလဝိပါက် ၂၉-ပစ္စယုပ္ပန်တရားရ၏။ (ကောက်-၄၁၈) (ကတ္တားအရဤ၌ရှိ)
အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ကမ္မ ပစ္စယေန ပစ္စယော။ (ဝိဘ)
အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ ကမ္မပစ္စယေန ပစ္စယော။ (အနုဝါဒ)
အရကား - အကုသလဝိပါက် ၇-ခုပစ္စယုပ္ပန်တရားရ၏။ (ကောက်-၄၂၃) (ကတ္တားအရဤ၌ရှိ)

မှတ်ချက်၊ သဘာဂမှ ဝိဘာဂ်ပြန်လှန်မေးထားသည်ဖြစ်၍ ဖြေဆိုနိုင်ရန်ခက်ခဲနိုင်ပါသည်။
ယင်းအနုဝါဒပါဠိများသည် ဥပနိဿယပါဠိတော်အနုဝါဒအတွင်းမှာရှိသည် သတိပြုမိပါမှ ရရှိနိုင်ပါမည်။

အရကောက်ကို စေ့စေ့ငုငု ဖတ်ဖြစ်အောင်ဖတ်ပါလေ။

အရကောက်ကြီးရှိ ပစ္စည်းတပ်ဟန်တို့ အဓိပ္ပါယ်ကားဆိုတာတို့ အနုဝါဒအရကောက်တို့ကား ကောင်းလှပါပေသည်။ အဆိုပါ မေးခွန်းကို အနုဝါဒအရနှင့်သဘာဂတို့ စပ်ဟပ်မေးထားပါသည်။

ဒုဗ္ဗလဥဒ္ဒစ္စစေတနာသည် ပဝတ္တိအကျိုးကိုသာပေး၏ ဟုအဋ္ဌကထာဆို၏။ ဗလဝစေတနာသည် ပဝတ္တိ ပဋိသန္ဓေနှစ်ပါးလုံးကို အကျိုးပေး၏ဟု မူလဋီကာ၌မိန့်ဆို၏။ (ဒဿနတ္တိက-၌ သောတာမဂ်သည် မပယ် အပ်သောကြောင့် ပဝတ္တိအကျိုးသာဟုထင်ရှား၏။ ပဋိသန္ဓေအကျိုးကိုပေး၏ဟု-ဆိုငြားအံ့၊ သောတာပန်သည် စင်စစ် မပယ်အပ်သောကြောင့်အပါယ်ပဋိသန္ဓေသို့ ရောက်ရာ၏။ ရောက်သေ[illegible]-စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော-ဟူသော ဒေသနာနှင့်ဆန့်ကျင်ရာ၏)

နာနာက္ခဏိက စေတနာကံသည် ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၊ အပရာပရိယ၊ ကာလသုံး[illegible]းလုံး အခွင့်သင့်သော အခါ အကျိုးကို ဖြစ်စေ၏။ ထို့ကြောင့် ကဋတ္တာ ကံ-ဟုခေါ်သည်။

http://www.dhammadownload.com



မေး။ လောကဦးချမ်းသာဆင်းရဲ ကွဲပြားစေတတ်သောတရားပြ နိဒ္ဒေသနာကာရပါဠိကို ဖော်ပြ၍၊ ၎င်း၏ကတ္တား အရကို ပြည့်စုံစွာကောက်ပြပါ။ (ကောက်-၄၂)

ဖြေ။ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကတ္တားအရကား- (နာနာကမ္မ) အကု-၁၂ ကု-၂၁၌ရှိသော စေတနာပစ္စည်းတရားကိုပြတော်မူ၏။

တနည်းကား-(ပကတူပနာနာကဒ္ဓဏိကကမ္မ)ဝိပါက်စိတ်ဆတ္တိသအားတပ်သော ဗလဝဖြစ်သောကုသိုလ်, အကုစေတနာ--၏။ (အစုံအစုံတရားများ နှာ ၁၀၅ ရှုပါ)

တနည်းကား-(အနန္တရကမ္မ) မဂ္ဂါနန္တရဖိုလ်လေးခုအားတပ်သော မဂ်စေတနာပစ္စည်းတရားကို- မူ၏။

မေး။ ပစ္စယနိဒ္ဒေသလာ -- အောက်ပါတို့ကို ဖော်ပြပါ။

(က) အကြောင်းအကျိုးအစုံ(ယုဂဠ)အားဖြင့်ဟောကြားထားသောပါဠိ။(ကမ္မ+ဝိပါက) (နှာ-၁၀၅-ရှု)

(ခ)ကြောင့်ကြဗျာပါရ အားထုတ်မှု ကင်းရှင်း၍ ကံ၏အကျိုးမျှသာဖြစ်နေပုံပြပါဠိ။ (ဝိပါက)

(ဂ) ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုနိုင်သောပစ္စည်းများ။ (ပစ္ဆာဇာတ၊ ရူပါဟာရ၊ ရုပ်ဇီဝိတိန္ဒြေ)

မှတ်ချက်။ ။ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုနိုင်သော ပစ္စည်းမှာ ပစ္ဆာဇာတပင်။

မေး။ မိမိနှင့်တကွဖြစ်ဖက်တရားများ၌ အစိုးတရရှိကြရာဝယ် - ပစ္စယနိဒ္ဒေသလာ နိဒ္ဒေသနာကာရပြပါဠိကို ဖော်ပြပါ။ (က) စကြဝတေးမင်းကဲ့သို့ အစိုးရပုံပါဠိ။ (ခ) ပဒေသရာဇ်မင်းကဲ့သို့ အစိုးရပုံပြပါဠိ။

ဖြေ။ (က) သဟာဓိ ၄-ပါးကိုရေးပါလေ။ (စကြာမင်းရှင်၊ အုပ်စိုးသွင်သို့၊ ပြိုင်ရှင်မရှိ၊ စိုးအုပ်ဘိ၊အဓိပတိခေါ်)

(ခ) သဟဇာတိန္ဒြိယ ကိုရေးပါ။ (မိမိဆိုင်ရာ၊ ကိစ္စမှာလျှင်၊ ကောင်းစွာစိုးရ ယင်းဓမ္မ၊ ခေါ်ကြဣန္ဒြေ)

မေး။ စက္ခုဒွါရိကဝိထိလာ ပဋ္ဌဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏစသည်ရှိရာ စက္ခုဝိညာဉ်ကို ပစ္စည်းတရားယူပါက အောက်ပါ ပစ္စည်းများရှု၍ သမ္ဗန္ဓအရ အသီးသီးကောက်ပြပါ။

(က) အနန္တရပစ္စည်း၊ (ခ) ပစ္ဆာဇာတပစ္စည်း။ ( ပ+စ+သံ )

ဖြေ။ (က)သမ္ပဋိစ္ဆိုင်းဒွေးဟုဆိုအပ်သော မနောဓာတ်၊ဆန္ဒ,ပီတိ,ဝီရိယကြဉ်သောအညသမာန်းစေ ၁၀-မူ၏။

(ခ) ပဋ္ဌဒွါရဝဇ္ဇန်းနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ,စတုဇကာယပစ္စယုပ္ပန်တရား-မူ၏။

မေး၊ ဟေတုပစ္စည်း၏ သာဓိပတိဣန္ဒြိယမဂ္ဂ အဝိပါက သဗ္ဗဋ္ဌာနိကယဋ္ဌနာ-၌ ရသင့်သော (က)ပစ္စည်းတရား။

(ခ) ပစ္စယသတ္တိ-တို့ကို မှန်ကန်စွာဖြေဆိုပါ။ (၂၀၀၄-ခုနှစ်၊ ဗဟိုမေးခွန်း) ၈-နံပါတ်။

ဖြေ၊ (က)ပစ္စည်းတရားကား-သမ္ပယုတ္တကဒ္ဓဏိ၊ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိ။ (၅-မှတ်)။

(ခ) ပစ္စယသတ္တိကား-ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတ။ (၅-မှတ်)။

(မူရင်း အဖြေမှန်အတိုင်းဖြစ်သည်)

မေး။ အောက်ပါ သဘာဂသင်္ချာများကို သင်္ချာတပ်၍ နှစ်ဖက်ရမျှကောက်ပြပါ။

(က) အာရမ္မဏပစ္စယာ နိဿယေ။ (ခ) နိဿယပစ္စယာ ဥပနိဿယေ။

ဖြေ။ (က) သင်္ချာ-တီဏိ။ နှစ်ဖက်ရတရားမှာ အာရမ္မဏမျိုးသုဒ္ဓသင်္ချာ ၄-ကိုဖြေပါလေ။ (ကောက်-၄၆၇)

(ခ) သင်္ချာ-ဇကံ။(အကု-ဗျာ)နှစ်ဖက်ရတရားမှာ အာရမ္မဏမျိုးသုဒ္ဓသင်္ချာ ၆-ကိုဖြေပါ။(ကောက်-၄၈၇)

<u>မှတ်ချက်</u>။ ။သဘာဂကို ဆိုရိုးကျ ရေးတတ်ဖြေတတ်အောင် နမူနာတစ်ခုကျက်ထားပါ။ လေ့လာပါ။

http://www.dhammadownload.com



## ပဋ္ဌာန်းအလင်းရောင် – ခက်ဆစ်မေးဖြေများ

မေး - ပစ္ဆာဇာတပစ္စယနိဒ္ဒေသလာ နိဒဿနာကာရပါဠ်၌ ကတ္တားပါဌ်အရ (က) ပဌမဘဝင် နာမက္ခန္ဓာ၊ (ခ) ပဋိသန္ဓေ... 

(ခ) ပဋ္ဌဝိညာဉ်နာမက္ခန္ဓာ၊ (ဂ) သမ္ပဋိစ္ဆိုင်းနာမက္ခန္ဓာတို့ကိုယူခဲ့သော် သမ္ပဒါန်ပါဌ်အရ ဖြစ်သင့်သော တရား အသီးအသီးကို တိကျပြည့်စုံစွာ ကောက်ပြပါ။ (နမူနာမေးခွန်း ၂၀၀၀-ခုနှစ်၊ ဗဟိုမေးခွန်း)

ဖြေ။ (က) ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇရုပ်ဟုဆိုအပ်သော ဧကဇကာယ (တနည်း) ကမ္မဇရုပ်, ဥတုဇရုပ်ဟု ဆိုအပ်သော ဒွိဇကာယ။ (ကောက်-၃၉)

(ခ) ပဌဗ္ဗါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ စတုဇကာယ ရ၏။ (၃၉)

(ဂ) စက္ခုဝိညာဉ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဒွိဇ, တိဇကာယရ၏။ (စိတ္တဇရုပ်မရ၍)

<u>မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက အခ်ိဳပ္ပါယ်</u>

ဘဘဘဘဘ - ဘဘဘဘဘဘ - ဘဘဘ - တီ. န. ဒ. ပ. ပဥ္စဝိ. သံ ဏ ဝု ဇဇဇဇဇဇဇ ရုံ ရုံ စု

→ မန္ဒာယုက - ၃၇ ခု ← အမန္ဒာယုက ၁၁

မဇ္ဈိမာယုက-၁

မန္ဒာယုက စသည့်များ သဘောပေါက်လွယ်ဘို့ ထပ်မံရေးသားပါမည်။ ဖော်ပြပါ ပဥ္စ (စက္ခု)ဒွါရိက အတိမဟန္တာရုံဝီထိကိုကြည့်၍ ကြိုတင်သိထားရမှာက-"ခဏေ ခဏေ သမုဋ္ဌာပေတိ" စိတ်၏ခဏတိုင်း ခဏတိုင်းမှာ စက္ခုစသော ပဥ္စဝတ္ထုကမ္မဇရုပ်များဖြစ်နေသည်။ ရုပ်သက် ၁-ခု၌ စိတ်သက် ၁၇ချက်ရှိနေသည်။ ပဥ္စဒွါရိကဝီထိနှင့်သာဆိုင်သည်။ ယုံမှားသံသယဖြစ်ဖွယ်ရှိမှုဟောသည်ဟူ၍ ကြိုတင်သိထားပါ။

<u>မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ရှင်းတမ်း</u>

ထို ၃-ပါးသည် သက်တမ်းအားဖြင့် တိုရှည်မရှိ၊ သတ္တရသာယုက ချည်းဖြစ်သည်။ ပဋ္ဌာရုံ၏ ရှေးဦးစွာ ချုပ်ခြင်း၊ နောက်မှချုပ်ခြင်း၊ တူညီစွာချုပ်ခြင်းအပေါ် မူတည်၍ မန္ဒာယုက စသည်သတ်မှတ်သည်။

၁။ ဖော်ပြပါ ၃၇-ချက်သောစိတ်တို့နှင့်အတူ ဥပါဒ်သော (ပဥ္စ)ပသာဒရုပ်တို့ကား ဒုတိယတဒါရုံမချုပ်မှီပင် ချုပ်နှင့်သည်ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌာရုံအောက်တိုသော အသက်ရှိသောကြောင့် ထိုဝတ္ထု ရုပ်ကို "မန္ဒာယုက"ဟုခေါ်သည်။ (မန္ဒ=နံ့သော တိုသော၊ အာယုက=အသက်)

၂။ ဖော်ပြပါ ၁၁- ချက်သောစိတ်တို့နှင့် အတူဥပါဒ်သော ပသာဒရုပ်တို့ကား ဒုတိယ တဒါရုံချုပ်ပြီးမှချုပ်ကြသည်ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌာရုံထက် အသက်ရှည်သောကြောင့် ထိုဝတ္ထုရုပ်တို့ကို "အမန္ဒာယုက" ဟုခေါ်သည်။ (အမန္ဒ=မတိုသော ရှည်သော၊ အာယုက=အသက်)

၃။ အတီတဘဝင်နှင့် ဥပါဒ်သော ပဥ္စဝတ္ထုပသာဒရုပ်တို့သည် ဒုတိယတဒါရုံနှင့် အတူချုပ်သည်၊ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော <u>ပဋ္ဌာရုံနှင့်တူသော အသက်ရှိသောကြောင့်</u> "မဇ္ဈိမာယုက" ဟုခေါ်သည်။

မေး - အဘယ်ကြောင့် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ဟုရွေးချယ်ရပါသနည်း။

ဖြေ။- ပဥ္စဝိညာဉ်တို့၏ မှီရာ ဝတ္ထုရုပ်တို့ကို သိစေလိုသောကြောင့် ထိုသုံးမျိုးကို ရွေးချယ်ရသည်။

<u>ရှင်းပြခြင်း</u> - စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ်စိတ်သည် အဘယ်စက္ခုဝတ္ထုကိုမှီ၍ ၎င်းစက္ခုဝတ္ထုသည် ကမ္မဇရုပ်ဖြစ်ရကား ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ ခဏတိုင်း၌ဖြစ်သောကြောင့် မည်သည့်စက္ခုဝတ္ထုကိုသာ စက္ခုဝိညာဉ်စိတ်သည် မှီ၍ဖြစ်ကြောင်းသိရန်လိုပေသည်။ ထို့ကြောင့် မန္ဒာယုက စသည် ရွေးရခြင်းဖြစ်သည်။

http://www.dhammadownload.com



မေး - တေရသမဘဝင်၏ (က) ဥပါဒ်ခဏ၊ (ခ) ဌီခဏ တို့၌ဖြစ်သော စက္ခုဝတ္ထုကို အဘယ်ကြောင့် မရွေးချယ်ပါသနည်း။

ဖြေ - (က) တေရသမဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော စက္ခုဝတ္ထုသည် (စက္ခုဝိညာဉ်မဖြစ်မီ) ပဋ္ဌဒွါရာဝဇ္ဇန်း၏ ဘင်နှင့်ပြိုင်၍ချုပ်သောကြောင့်ငင်း။ (ခ) ဌီခဏ၌ဖြစ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်၏ ဥပါဒ်ခဏ၌ချုပ်သောကြောင့်ငင်း၊ ထိုစက္ခုဝတ္ထုတို့ကို စက္ခုဝိညာဉ်စိတ်သည် မှီသလော, မမှီသလောဟု ယုံမှားဖွယ်မရှိသောကြောင့် (ထို ဥ-ဘင်ကို) မရွေးချယ်ခြင်းဖြစ်သည်။

မေး - တေရသမဘဝင်၏ ဘင်ခဏ၌ဖြစ်သော စက္ခုဝတ္ထုကို အဘယ်ကြောင့် "မနှာယုက"အဖြစ်ရွေးချယ်ရပါသနည်း။

ဖြေ - တေရသမဘဝင်၏ ဘင်ခဏ၌ဖြစ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်၏ ဌီခဏ၌ ချုပ်သည်ဖြစ်၍ စက္ခုဝိညာဉ်ဥပါဒ်သည့်တိုင်အောင် ထင်ရှားရှိနေသောကြောင့် ငင်းဘဝင်၏ ဘင်ခဏ၌ဖြစ်သောစက္ခုဝတ္ထုကို စက္ခုဝိညာဉ်စိတ်သည် မှီလေသလော, မမှီလေသလော- ဟု ယုံမှားသံသယဖြစ်ဖွယ်ရှိသောကြောင့် ငင်းဘင်ခဏ၌ဖြစ်သော စက္ခုဝတ္ထုကို "မနှာယုက"အဖြစ်ဖြင့် ရွေးချယ်ရခြင်းဖြစ်သည်။

* တေရသမစိက် မဥပါဒ်မီဖြစ်နှင့်သော စိတ်များနှင့် စက္ခုဝိညာဉ်မဖြစ်မီ ချုပ်ကြ၍ မရွေးချယ်စက္ခုဝိညာဉ်စိတ်နှင့်အတူဥပါဒ်သောစက္ခုဝတ္ထုသည်ပုရေဇာတပစ္စည်းမတပ်သောကြောင့် အားနည်းလှ၍ စက္ခုဝိညာဉ်စိတ်အမှီကို မခံနိုင်သေးသောကြောင့် ငင်းတို့ကို မရွေးချယ်ရပါ။ စက္ခုဝိညာဉ်စိတ်၏ဌီခဏမှစ၍ နောက်၌ဖြစ်သောဝတ္ထုတို့ကား စက္ခုဝိညာဉ်ဖြစ်ပြီးမှ ဖြစ်ပေါ်၍ ယုံမှားဖွယ်မလို၍ မရွေးချယ်ပါ။ (ဤမျှဆိုလျှင် မနှာယုက-စသည်အတွက် ရှင်းလောက်ပြီ)

## ရုပ်အာဟာရပစ္စည်း မှတ်ဖွယ်

ရုပ်အာဟာရပစ္စည်း - ဗျာ - ကတ္တားအရ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သောဩဇာ ပစ္စည်းတရားရ၏။ ဗျာ - သမ္ပဒါန်အရ (ကလာပ်တူ ဩဇာကြဉ်သော) ကလာပ်တူ, ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားရ၏။

<u>ရုပ်အာဟာရပစ္စည်း အသေးစိတ်ကျေးဇူးပြုပုံ</u>

သင်္ဂဟလာအတိုင်း ကလာပ်-၂၁ စည်းရှိရာ ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇ- ၆ စည်း၊ ဥတုဇ - ၄-စည်း၊ အာဟာရဇကလာပ် -၂ စည်းရှိ၏။ ကမ္မဇကလာပ် ၉-စည်းတွင် -

စက္ခုဒသက ကလာပ်၌ရှိသောဩဇာကို ရုပ်အာဟာရပစ္စည်းယူပါမူ၊ ကလာပ်တူဩဇာကြဉ်သော ကမ္မဇရုပ် ၉-ခု၊ ကလာပ်ပြား -၂၀ တို့သည် ရုပ်အာဟာရပစ္စယုပ္ပန်ဖြစ်ရလေသည်။

ကျန်သောတဒသက ကလာပ် အစရှိသောကလာပ်တို့၌လည်း ယင်းတို့၌ရှိသောဩဇာကို ပစ္စည်းအရယူပါက ကလာပ်တူကျန် ၉-ခုနှင့် ကျန်ကလာပ်ပြား -၂၀ တို့ကို သမ္ပဒါန်အရကောက်ရသည်။

(လိုရင်းကား-ပစ္စည်းအတွက် ကောက်ပြီးသောရုပ်မှတစ်ပါး ကျန်ရုပ်၊ ကျန်ကလာပ်တို့သည် ပစ္စယုပ္ပန်ဖြစ်သည်)

မေး။ ဟေတုပစ္စည်း၏ သာဓိပတိက္ကန္ဒြိယမဂ္ဂ အဝိပါက သပ္ပဋ္ဌာနိကယဋ္ဌနာ-၌ ရသင့်သော --

(က) ပစ္စည်းတရား။ (ခ) ပစ္စယသတ္တိ ကို မှန်ကန်စွာဖော်ပြပါ။ (၂၀၀၄-ခုနှစ် ဗဟို မေးခွန်း)

ဖြေ။ (က) သမ္ပယုတ္တကန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိပစ္စည်းတရားရ၏။

(ခ) ဟေ၊ ဓိ၊ သဟ၊ နိဿယ၊ ဣ၊ မဂ္ဂ၊ အ၊ အ-အားဖြင့်(၈)ပစ္စည်း။(ကြီး ၄၊ ငယ်၄၊ ပေါင်း၈-ပစ္စည်း)

http://www.dhammadownload.com



အာဓိဆောင်။ လောဘမူသည်၊ ဒေါသမူမောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆယ်ခြောက်ခု၊ လောကီစုနှင့်၊ စတုဇ္ဈာ၊ ရုပ်နိပ္ဖန်ကို၊ကြည်ညိုသမူ၊အလေးပြု၏။ ကုသိုလ်ကာမ၊ စိတ်အဌလည်း၊လောကခေါ် ဆိုကုသိုလ်သတ္တရသ်၊ လွန်လေးမြတ်၏။ ရှစ်မှတ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ်နဝံ၊ သ သက်ကို၊ ခြေင်စွဲမှိုတ်၊ လောကုတ် စိတ်လည်း၊ အောင်မြတ်နိဗ္ဗူ၊ အလေးမူသည့် . . . ဘုန်းလူဇိနော် မော်ကွန်းတည်း။ (ဝိသုဒ္ဓါရုံ)

အထက်ပါလင်္ကာကို အနည်းငယ် ရှင်းပြပါမည်။"ရှစ်မှတ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ်နဝံ၊ သ သက်ကို"

* မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သည်။
* မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုသည် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ဖြစ်သည်။

လင်္ကာပါ "ရှစ်မှတ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ်နဝံ၊ သ သက်ကို" စသည်၌ အသေးစိတ်အာရုံပြုပုံ။

| | | |
|---|---|---|
| ၁ | သော မဂ် ဖိုလ် နိဗ္ဗာန်ကို | သောတာပန်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါးကအလေးအမြတ်ပြုသည်။ |
| ၂ | သကမဂ် ။ ။ | သကဒါဂါမ်၏ ။ |
| ၃ | အနာဂါမိမဂ် ။ ။ | အနာဂါမ်၏ ။ |
| ၄ | အရဟတ္တမဂ် ။ ။ | အရဟန္တာ၏ မဟာကြိယာ ။ |

<u>သင်္ဂြိုဟ်နှင့် ဆက်စပ်တတ်ရန် ဉာဏ်ဖွင့် မေးခွန်းများ</u>

မေး။ မဂ္ဂဖလဥ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော-၌"ကတ္တားကြိယာ"တို့အရ (က)ရဟန္တာ၊ (ခ)သေက္ခပုဂ္ဂိုလ် များကိုယူခဲ့သော် ဖြစ်ထိုက်သော ပဋ္ဌာဝါရ အာရမ္မဏ ဝိဘင်္ဂမှ ဝိဓိ, အနုဝါဒများထုတ်ပြပါ။

ဖြေ။ (က) ဝိဓိ(ကု-ဗျာ) (ရမဂ်) အရဟာ မဂ္ဂ ဝုဋ္ဌဟိတွာ မဂ္ဂ ပစ္စဝေက္ခတိ။
။ (ဗျာ-ဗျာ) (ရဖိုလ်) အရဟာ ဖလံ ပစ္စဝေက္ခတိ။
။ (ဗျာ-ဗျာ) (နိဗ္ဗာန်) နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ။
(ခ) ဝိဓိ(ကု-ကု)(အ-မ)သေက္ခာမဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခန္တိ။ (ဗျာ-ကု)(အ-ဖ)သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ (နိဗ္ဗာန်) နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ (ဂေါတြဘုဿ) ( ဝေါဒါနဿ) နိဗ္ဗာနံ ဖလဿ။

မေး၊ ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ-အရကိုလည်း (က)ရဟန္တာ၊ (ခ)သေက္ခပုဂ္ဂိုလ်များ ကို ယူခဲ့သော် ဖြစ်ထိုက်သော ပဋ္ဌာဝါရ အာရမ္မဏ ဝိဘင်္ဂမှ ဝိဓိ, အနုဝါဒများထုတ်ပြပါ။

ဖြေ။(က)အရဟာပဟီနေကိလေသေ ပစ္စဝေက္ခတိ။ပုဗ္ဗေသမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ။(အကုသလံ အနိစ္စတော ဝိပဿတိ) (ခ) သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သုမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။ (အကု-ဗျာ) (အကု-ကု)

မေး၊လောကီစိတ်များသည် နိဗ္ဗာန်ကို အာရုံပြုနိုင်ကြောင်းပြ ပဋ္ဌာဝါရအာရမ္မဏဝိဘင်္ဂမှ အနုဝါဒများထုတ်ပြပါ။

ဖြေ၊ ၁၊ အရဟာ နိဗ္ဗာနံ ပစ္စဝေက္ခတိ။(ရဟန္တာသန္တာန်၌ ဆင်ခြင်သော မဟာကြိဉာဏ် ၄-သည် နိဗ္ဗာန်ကိုအာရုံပြုသည်။
၂၊ နိဗ္ဗာနံ အာဝဇ္ဇနာယ။ (မနောဒွါရာဝဇ္ဇန်း စိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသည်)
၃၊ သေက္ခာ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ (သေက္ခ-တို့၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသံ၄သည် နိဗ္ဗာန်ကို ရှုံပြုသည်)
၄၊ နိဗ္ဗာနံ ဂေါတြဘုဿ။ (ဂေါတြဘုကိစ္စတတ်သော မဟာကု ပ, တခွေးသည် နိဗ္ဗာန်ကို အာရုံပြုသည်)
၅၊ နိဗ္ဗာနံ ဝေါဒါနဿ။ (ဝေါဒါန်ကိစ္စတတ်သော မဟာကု ပ, တခွေးသည် နိဗ္ဗာန်ကို အာရုံပြုသည်)

မေး။ အထက်ပါရင်းစိတ်များက နိဗ္ဗာန်ကို အာရုံပြုပုံပြ 'သင်္ဂဟပါဠိ' များကိုဖော်ပြပါဆိုလျှင် - - (၄-ပုဒ်)

ဖြေ။ ဉာဏသမ္ပယုတ္တကာမာဝစရ(ကုသလာနိ+ကြိယာနိ)စေဝ-၂-ပုဒ်၊လောကုတ္တရခပုဒ်နှင့်တတောပရံ ဂေါတြဘုစိတ္တံ--။

http://www.dhammadownload.com



ရူပ, အရူပ ကု-ဝိ-ကြိ တို့ အာရုံပြပုံ - -

ဆောင်။ ✻ ကုသိုလ်ဟူက၊ ဤဘဝနှင့်၊ ထိုဘဝရှေး၊ ဖြစ်ရေးအလွှ၊ ကုသလကို၊ မုချအာရုံ၊ ပြုရတုံရှင့်၊ တစ်ဖုံဝိပါက်၊ ရှေးဘဝတွက်သာ၊ ကြိယာမှူ၊ နှစ်ဖြာခုရှေး၊ ဘဝဒွေးဝယ်၊ ဖြစ်ရေးအလွှ၊ ဂုဿလနှင့်၊ ကိရိယာစုံ၊ လျော်စွာပြုသည်၊ ခွဲမှုသဘောသကန်တည်း။

✻ တစ်ကြောင်းဆက်ထုတ်၊ မဟဂ္ဂုတ်တွင်၊ အာရုပ်ပထမ၊ တတိယနှင့်၊ ရူပသန္တိ၊ ဘဝင်စုတိမှာ၊ ဓမ္မာရုံဟော၊ မနောဒွါရ၊ ဂဟိတမှတ်၊ ပညတ်ကမ္မ၊ နိမိတ္တရှင့်၊ ပထမစျာန်၊ သုံးတန်တရား၊ နှစ်ဆယ့်ငါးဟု၊ ဒု, တိ, စတု၊ ဈာန်ကိုးခုဝယ်၊ ဆယ့်လေးသွယ်နှင့်၊ ပဉ္စမဈာန်၊ သုံးတန်တရား၊ ဆယ့်နှစ်ပါးသည်၊ အများသောတု၊ ဉာဏ်ဖြင့်ရှု၍၊ ဒုတိယ စတုတ္ထာ၊ အာရုပ္ပါတွက်၊ မဟဂ္ဂတ၊ ကမ္မနိမိတ်၊ အတိတ်ကိုဟော၊ မနောဒွါရ၊ ယူရဓမ္မာ၊ အာရုံလာသည်၊ ယထာသမ္ဘဝပေတည်း။

✻ ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပထမာရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ္ပ၊ ဝိညာဏ်၊ လေးတန်အာရုံစဉ်တိုင်းတည်း။ (ဤကျမ်း နှ၂၂-အာရုံပြပုံပြဇယားရှိ သဘောတရားများပင်)

✻ စ-သော-က္ကဒ်-ပ၊ ပုဗ်-ယ-အ ဟု၊ သတ္တဘိညာ၊ ငါးဖြာဖြစ်က၊ ယနှင့်အကို၊ စ-၌သွင်းယူ၊ ခြောက်မှု အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက်နားလည်စေ။ (ကမ္မဋ္ဌာန်းပိုင်း 'ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ'-စသောဂါထာအရပင်)

မှတ်ချက်။အထက်ပါ အာရုံပြလင်္ကာသည် အာရမ္မဏ သင်္ဂဟ၊ ဝိထိမုတ်ပိုင်း၊ ကမ္မဋ္ဌာန်းပိုင်းနှင့် အဘိဓမ္မာဝတာရ ဋီကာ ဂါထာ ၃၆၇-၃၆၈၊ တို့ လာရှိသမျှကို စုပေါင်း၍ ဖော်ပြထားပါသည်။ ၎င်းသဘောတရားများကို သင်္ဂြိုဟ်ကို မေးပါကလည်း ရသည်ဖြစ်၍ ကောင်းစွာလေ့လာကြပါလေ။

မေး။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။ ၎င်း သင်္ဂဟပါဠိ၏ အကျယ် သင်္ဂဟပါဠိများ ကို ဖော်ပြပါ။ (ဂါထာရှိ "ကေဝိသတိ ဝေါဟာရေ" အကျယ်ပြဟု မေးပါကလည်း အတူတူပင်)

ဖြေ။ ရူပါဝစရ ပဋိသန္ဓိယာ ပန ပညတ္တိဘူတံ-စသည့် ဝိထိမုတ်ပိုင်း၌ ၄-ပုဒ်၊ (ပဋိသန္ဓေဆိုင်ရာ) တတ္ထာပိ ဒသ ကသိဏာနိ, အာနာပါနဥ္စ ပဉ္စကဇ္ဈာနိကာနိ-စသော ၅-ပုဒ်၊(ရူ-အရူဈာန်ဆိုင်ရာ) အာကာသဝဇ္ဇိတ ကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃာဋေတွာ-စသော၂-ပုဒ်၊ (အရူပဈာန်ဖြစ်ပုံ)

မေး။ ဒါနသီလစသည်ပြုကြသူခြင်းတူကြပါသော်လည်း နှလုံးသွင်းကောင်းမှု, မကောင်းမှု လိုက်၍ ချမ်းသာ ဆင်းရဲ ကွဲပြားခြားနားမှုကို ပြထားသော ပဋ္ဌာဝါဠိ အာရမ္မဏမှ ဝိဓိ,အနုဝါဒများဖော်ပြပါ။

ဖြေ။ (က)(ဝိဓိ)ကု-ကု(အနုဝါဒ)ဒါနံဒတွာသီလံ သမာဒိယိတွာ-ပ-ပစ္စဝေက္ခတိ။ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ (ခ)(ဝိဓိ)ကု-အကု၊ (အနုဝါဒ)ဒါနံ ဒတွာ သီလံ -ပ- တံ အဿာဒေတိ။ ပ ။ဒေါမနဿံ ဥပ္ပဇ္ဇတိ။

မေး။ အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ၏ဆိုသော်လည်း ထိုပစ္စည်းနှစ်ခုတို့၏ထူးခြားချက် ကို ဖော်ပြပါ။

ဖြေ။ တရားကိုယ် အရကောက်တူကြသော်လည်း အလေးအမြတ်ပြုအပ်သောအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။

အားကြီးသောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်းမည်၏။ ဤသို့ သတ္တိအားဖြင့်ထူးကြပါသည်။ (ကျန်နေရာများ၌လည်း ဤအတူပင်တည်း)

http://www.dhammadownload.com



## ပဋ္ဌာန်း ၂၄-ပစ္စည်း အကျဉ်း ဥပမာပြ အဓိပ္ပါယ်

| ပစ္စည်း အမည် | လောကူပမာ |
|---|---|
| ၁။ ဟေတု | = ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စည်ပင်စေမှု၊ ကျေးဇူးပြု၊ ဟေတုပစ္စည်းခေါ်၊ |
| ၂။ အာရမ္မဏ | = တောင်ဝှေးကြီးဝါး၊သူမစွမ်းကိုမပန်းရစေ၊ထိုင်ထစေမှု၊ ကျေးဇူးပြုပြန်၊ အာရမ္မဏခေါ်။ |
| ၃။ အဓိပတိ | = စကြာမင်းရှင်၊ အုပ်စိုးသွင်သို့၊ ပြိုင်ရှင်မရှိ၊ စိုးအုပ်ဘိ၊ အဓိပတိခေါ်။ |
| ၄။ အနန္တရ | = စကြာမင်းဖျား၊ နတ်ရွာလားသော်၊ သားကြီးနန်းရ၊ ဖြစ်ရပမာ၊ ခြားရာမရှိ၊ ကျေးဇူးရှိ။ |
| ၅။ သမနန္တရ | = စကြာမင်းဖျား၊ တောထွက်သွားသော်၊ သားကြီးနန်းရ၊ ဖြစ်ရပမာ၊ ခြားရာမရှိ၊ကျေးဇူးရှိ။ |
| ၆။ သဟဇာတ | = ဆီမီးတောက်သော်၊ အလင်းပေါ်သို့၊ ထို့တူတသီး၊ ပစ္စည်းပစ္စယုပ္ပန်၊ အတူဖြစ်ဟန်ကို၊ |
| ၇။ အညမည | = သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ အညမည်၊ ပြန်လှန်သမှု၊ ကျေးဇူးပြု။ |
| ၈။ နိဿယ | = သစ်ပင်တည်ရာ၊ မြေပမာလျှင်၊ မှီရာတည်မှု၊ ကျေးဇူးပြု။ |
| ၉။ ဥပနိဿယ | = မိုးကြီးပမာ၊ သတ္တဝါတွေ၊ တည်နေနိုင်မှု၊ ကျေးဇူးပြု၊ ဥပနိဿယခေါ်။ |
| ၁၀။ ပုရေဇာတ | = ကမ္ဘာဦးက၊ နေနှင့်လသို့၊ ရှေ့ကဖြစ်ကာ၊ နောက်ဖြစ်လာသည့်၊ တရားစုစု၊ ကျေးဇူးပြု။ |
| ၁၁။ ပစ္ဆာဇာတ | = လင်းတငယ်သော်၊ အစာမျှော်သို့၊ နောက်ပေါ်လာသည့်၊ ပစ္စည်းတရားစု၊ ကျေးဇူးပြု။ |
| ၁၂။ အာသေဝန | = ရှေးရှေးထုံထား၊ နှံ့သာလားသို့၊ ရှေ့ဖျားကျမ်းဂန်၊ လေ့လာသန်လပ်၊ နောက်ထပ်ကျမ်းဂန်၊ အမြင်သန်သည်၊ ဧကန်အာသေဝနသဘောတည်း။ |
| ၁၃။ ကမ္မ | = မျိုးစေ့အလား၊ ပမာထား၍၊ နှစ်ပါးသောကံ၊ အခြေခံကာ၊ ဝေဘန်သမှု၊ ကျေးဇူးပြု။ |
| ၁၄။ ဝိပါက | = ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ ကံနေအလား၊ အဖြစ်များမှု၊ ကျေးဇူးပြု။ |
| ၁၅။ အာဟာရ | = အိမ်ကိုကျားကန်၊ ဖြစ်ရဟန်သို့၊ သဏ္ဌာန်တူစွ၊ ထောက်ပံ့မသည့်၊ အာဟာရဖြစ်မှု၊ ကျေးဇူးပြု။ |
| ၁၆။ ဣန္ဒြိယ | = မိမိဆိုင်ရာ၊ ကိစ္စမှာလျှင်၊ ကောင်းစွာစိုးရ၊ ဖြစ်ရစင်စစ်၊ ပဒေသရာဇ်၊ စိုးအုပ်လှစ်သို့။ |
| ၁၇။ ဈာန | = သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်သူတို့အား၊ ကြည့်ပြောပြောသို့။ |
| ၁၈။ မဂ္ဂ | = ပမာကူတို့၊ ဆောင်ယူပို့သို့၊ ထို့တူနိဗ္ဗာန်၊ ရောက်ကြောင်းမှန်ပြု၊ ကျေးဇူးပြု။ |
| ၁၉။ သမ္ပယုတ္တ | = စတုမဓူ၊ ရောသည့်တူပေ၊ စိတ်စေနှစ်ပါး၊ ခွဲခြားမရ၊ ယှဉ်ကြသမှု၊ ကျေးဇူးပြု။ |
| ၂၀။ ဝိပ္ပယုတ္တ | = ရသခြောက်ပါး၊ ရောစပ်ထားသို့၊ ခြားနားမတူ၊ ဖြစ်ဟန်မူသို့၊ ထို့တူမခြား၊ ကျေးဇူးများ။ |
| ၂၁။ အတ္ထိ | = မြင့်မိုရ်မြေကြီး၊ ထောက်ပံ့နည်းသို့၊ ပစ္စည်းသတ္တိ၊ ကျေးဇူးရှိ၊ အတ္ထိပစ္စည်းခေါ်။ |
| ၂၂။ နတ္ထိ | = ငြိမ်းသေလေပြီး၊ ဆီမီးတန်ျ၊ ကျေးဇူးပြုသို့၊ ထို့တူမှတ်ဘိ၊ မရှိသမှု၊ ကျေးဇူးပြု။ |
| ၂၃။ ဝိဂတ | = နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းလေမှု၊ ကျေးဇူးပြု။ |
| ၂၄။ အဝိဂတ | = သမုဒ္ဒရာ၊ ငါးပျော်ရာသို့၊ မကင်းသောအား၊ ယင်းတရားစု၊ ကျေးဇူးပြု။ |

**မှတ်ချက်** = အရကောက်ဆရာတော်ကြီးနှင့်ရှေးဆရာတော်တို့၏ အနက်ကို မှီ၍ ရေးသားထားပါသည်။ ဖော်ပြပါ စကားရပ်များကိုပင် ကိုင်ကာ မေးတတ်သည်။မူရင်းသဘောကို သိပြီးဉာဏ်ဖြင့် အကျယ်ချဲ့၍ သိတော်မူကြပါ။

http://www.dhammadownload.com



၇၄။ ဣတ္ထံ မဟဂ္ဂတံ ပုညံ၊ ယထာဘူမိ ဝဝတ္ထိတံ။
ဇနေတိ သဒိသံ ပါကံ၊ ပဋိသန္ဓိ ပဝတ္တိယံ။ (ဝိထိမုတ် သင်္ဂဟ)

အဓိပ္ပါယ်ကား ။ မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါးသည် နောက်ကဆိုခဲ့ပြီးသောနည်းဖြင့် ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ပိုင်းခြားသတ်မှတ်အပ်သောဘုံတို့၌ မိမိနှင့်တူသော ဝိပါက်တို့ကို ဖြစ်စေပါသည်။

နာနာက္ခဏိက ကမ္မ - တစ်နည်းကား အရကောက်- (ကောက်-၄၁/၁၀၂/၄၂၉) တို့၌ရှုပါ။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| အကု ၁၂ စေတနာ | အကု-ဝိ၇-ခု နာမက္ခန္ဓာ၊ ပဋိ-ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ |
| တိဟိတ်ဥက္ကဋ္ဌမဟာကု စေတနာ | အဟိတ်ကု-ဝိ၈၊ မဟာဝိ၈နာ-န္ဓာ၊ (ကဋ္ဌရုပ်)၊ပဋိ-ကံရုပ်, ပဝတ္တိကံရုပ်၊ |
| တိ ဩမက၊ ဒွိဥက္ကဋ္ဌ မဟာကုစေ။ | အဟိတ်ကု၈၊မဟာဝိဉာဏဝိပ္ပ၄နာ-န္ဓာ၊(ကဋ္ဌရုပ်) ။ ။ |
| ဒွိဟိတ်ဩမက ။ ။ | အဟိတ်ကု၈ နာ-န္ဓာ၊ (ကဋ္ဌရုပ်) ။ ။ |
| ရူပ ပထမစျာန် ကုစေတနာ | ရူပပထမစျာန်ဝိပါက် ပဋိ-ကံရုပ်, ပဝတ္တိကံရုပ်၊ |
| ရူပ ဒု, တိ, စျာန် ကုစေတနာ | ရူပဒု, တ, စျာန်ဝိပါက် ။ ။ |
| ရူပ ပဉ္စမစျာန် ကုစေတနာ | ရူပပဉ္စမစျာန်ဝိပါက် ။ ။<br>အသညသတ်ကမ္မဇရုပ် |
| အာကာ ကု စေတနာ | အာကာဝိပါက် နာမက္ခန္ဓာ |
| ဝိညာ ကု စေတနာ | ဝိညာဝိပါက် ။ |
| အာကိံ ကုစေတနာ | အာကိံ ဝိပါက် ။ |
| နေဝ ကု စေတနာ | နေဝဝိပါက် ။ |
| သော မဂ်ကုစေတနာ | သောတာဖိုလ် ။ |
| သကမဂ်ကုစေတနာ | သကဖိုလ် ။ |
| အနာမဂ်စေတနာ | အနာ ဖိုလ် ။ |
| အရ မဂ်စေတနာ | အရ ဖိုလ် ။ |

မေး၊ ဣတ္ထံ မဟဂ္ဂတံ ပုညံ၊ ယထာဘူမိ ဝဝတ္ထိတံ - ဟူသော သင်္ဂဟပါဠိ၌ ဣတ္ထံ မဟဂ္ဂတံ ပုညံ - အရ ရူပပဉ္စမစျာန် ကုသိုလ်ယူပါက ယထာဘူမိ ဝဝတ္ထိတံ။ ဇနေတိ သဒိသံ ပါကံ၊ ပဋိသန္ဓိပဝတ္တိယံ - တို့အရဖြစ်ထိုက်သည်များကို ဖော်ပြပါ။ (သင်္ဂဟ မေးခွန်း) (ပဋ္ဌာန်းမေးကလည်းသဘောတူပင်)

ဖြေ၊ ရူပပဉ္စမစျာန်ဝိပါက်၊ ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်တရားများကိုရ၍၊ ဘုံအားဖြင့် ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသငါးဘုံ, အသညသတ်ဘုံရပါသည်။ (ဆိုင်ရာသာ ဓကများပြပါဆိုလျှင် နားလည်ပါစေ။

မေး၊ ပဋိစ္စ-ကမ္မပစ္စည်း၏ အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ ကဋတ္တား အရကို ကောက်ပြ၍၊ ယင်း၌ အဘယ့်ကြောင့် ဝိပါက်စေတနာမကြဉ်ရပါသနည်းဖြေဆိုပါ။

ဖြေ၊ ကဋတ္တားအရ (ကောက်-၁၀၂) ၌ ရှုပါလေ။ ယင်းနေရာ၌ပင် အကြောင်းပြပါရှိသည်။ရင်းမှာ--- နာနာက္ခဏိကကမ္မပစ္စယုပ္ပန်တရား၌ဝင်သောကြောင့် ဝိပါက်စေတနာမကြဉ်ရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



## ပဋ္ဌာန်းဆိုင်ရာ မှတ်သားဖွယ်ရာများ

## အနန္တရ (အနန္တရူပနိဿယ) မျိုးပစ္စည်း တစ်နည်းကား အကောက်ဇယား

(ကောက် ၂၀/၈၈/၃၉၇ တို့၌ အကျယ်ကောက်ပြသည်။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပဋိသန္ဓေနာမက္ခန္ဓာ | ပဌမဘဝင်နာမက္ခန္ဓာ |
| ပဌမအစရှိသော ရှေးရှေးသောဘဝင်နာမက္ခန္ဓာ | ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာ |
| ပဉ္စဝေါကာရဘဝင်ပစ္ဆေဒ ၁၅-ခု၊ | အာဝဇ္ဇန်းခွေး၊ |
| အရူပဘဝင်ပစ္ဆေဒ ၄-ခု၊ | မနောဒွါရာဝဇ္ဇန်း |
| ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဉ် (ပဉ္စဝိညာဉ်) |
| ပဉ္စဝိညာဉ် | သမ္ပဋိစ္ဆိုင်း |
| သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| သန္တီရဏ | ဝုဋ္ဌော |
| ပဌမဝုဋ္ဌော | ပရိတ္တာဝိထိဖြစ်အံ့ - ဒုတိယ ဝုဋ္ဌော |
| ဒုတိယဝုဋ္ဌော | ပဉ္စဝေါကာရဘဝင် ၁၅-ခု၊ |
| | အတိမဟန္တာရုံ-မဟန္တာရုံ |
| | ဝိဘူတာရုံ-အဝိဘူတာရုံဖြစ်အံ့ |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း၊ | ကာမဇောတခုယုတ် သုံးဆယ် ပဌမဇော |
| ပ-ဒု-တ-စ-ပဉ္စမ-ဆဋ္ဌဇော | ဒု-တ-စ-ပဉ္စ-ဆဋ္ဌ-သတ္တမဇော |
| လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်အဆုံးဇော | လော၊ မော၊ မဟာကုဇောနောင်-ရုံကျ-ရုံ-၁၁၊ မကျ-ဘဝင် ၁၉၊ |
| ဒေါသမူအဆုံးဇော | ဒေါသမူဇောနောင်-ရုံကျ-ဥ ရုံ ၆၊ မကျ-ကာမ ဥဘဝင် ၆၊ |
| ဟသိတုပ္ပါဒ်အဆုံးဇော | ဟသိတုပ္ပါဒ်အဆုံးဇောနောင်-ရုံကျ-သောရုံ ၅၊ မကျ ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉၊ |
| မဟာကြိယာ သောမနဿ အဆုံးဇော | မဟာကြိ သောဇောနောင်-ရုံကျ သော ရုံ ၅၊ မကျ-တိဟိတ်ဘဝင် ၁၃၊ |
| မဟာကြိယာ အဆုံးဇော | မဟာကြိ ဥဇောနောင်-ရုံကျ-ဥရုံ ၆၊ မကျ-တိဟိတ်ဘဝင် ၁၃၊ |
| ပဌမတဒါရုံ | ဒုတိယတဒါရုံ၊ |
| ဒုတိယတဒါရုံ | ကာမဘဝင် ၁၀၊ |

မှတ်ချက်။ ဤအနန္တရူပနိဿယကို ကောက်လိုပါက ဝိထိဖြင့်တွဲဖက်ပြီး၊ ဝိထိအလိုက်သဘောပေါက်အောင် လေ့လာပါက လွယ်ကူပါမည်။ ဝိထိကို ဦးစွာလေ့လာရပါဦးမည်။ (အနန္တရအနက်ကို ဤကျမ်း ၁၀၅) ၌ရှုပါ။

http://www.dhammadownload.com



## အနန္တရ (အနန္တရူပနိဿယ) မျိုးပစ္စည်း တစ်နည်းကား အကောက်ဇယား-အဆက်

| | |
|---|---|
| ဂေါ်, ဝေါ်, အနုလုံကိစ္စတပ်သော မဟာကုပဒွေ | မဟဂ္ဂုတ် ကုသော ၄၊ မဂ်သော-၁၆၊ အောက်ဖိုလ်သော ၁၂၊ |
| ။ ။ တဒွေ | မဟဂ္ဂုတ် ကု ဥ ၅၊ မဂ် ဥ ၄၊ အောက်ဖိုလ် ဥ ၃၊ |
| ဂေါ် ။ ကြိပဒွေ | ။ ကြိသော ၄၊ အရဟတ္တဖိုလ်သော ၄၊ |
| ။ ။ တဒွေ | ။ ကြိ ဥ ၅၊ အရဟတ္တဖိုလ် ဥ ၁၊ |
| ရှေးရှေးသောဇောတူ မဟဂ္ဂုတ် ကု-ကြိ | သမာပဇ္ဇန ဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကု-ကြိ၊ |
| ရူပကု-ကြိ အဆုံးဇော | ပဉ္စဝေါ်-တိဟိတ်ဘွင် ၉၊ |
| အာကာကု-ကြိ အဆုံးဇော | ။ ။ +အာကာဘွင် |
| ဝိညာကု-ကြိ အဆုံးဇော | ။ ။ ။ + ဝိညာဘွင်၊ |
| အာကိံ ကု- ကြိ အဆုံးဇော | ။ ။ ။ ။ +အာကိံဘွင် |
| နေဝကု-ကြိ အဆုံးဇော | တိဟိတ်ဘွင် ၁၃၊ နိရောဓမှထ-အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် |
| သောမဂ်/ သကမဂ်/ အနာမဂ်/ အရဟတ္တမဂ်၊ | သောဖိုလ်/ သကဒါဖိုလ်/အနာဂါမိဖိုလ် အရဟတ္တဖိုလ်၊ |
| ရှေးရှေးသော ဇောတူ ဖိုလ် ၄-ခု၊ | နောက်နောက်ဖိုလ် ၄-ခု၊ |
| ဖိုလ် ၄-ခု အဆုံးဇော | တိဟိတ်ဘွင် ၁၃၊ |
| ဒုတိယ တဒါရုံ | မရဏာသန္နအခါ ရုံနောင်စုၑကာမစုတိ ၁၀၊ |
| အကုသိုလ် ပဋ္ဌမဇော | အကုဇောနောင်စုၑကာမစုတိ ၁၀၊ |
| မဟာကုသိုလ်ပဋ္ဌမဇော | မဟာကုဇောနောင်စုၑစုတိ ၁၉၊ |
| မဟာကြိယာပဋ္ဌမဇော | မဟာကြိဇောနောင်စုၑတိဟိတ်စုတိ ၁၃၊ |
| ဘွင် ၁၉ | ဘွင်နောင်စုၑစုတိ ၁၉၊ |
| ဒွိဟိတ်-တိဟိတ် စုတိ-၆ | ကာမပဋိသန္ဓေ ၁၀၊ |
| ကာမတိဟိတ် စုတိ-၄ | ပဋိသန္ဓေ ၁၉၊ |
| ရူပစုတိ-၅ | သဟိတ်ပဋိသန္ဓေ-၁၇၊ |
| အာကာစုတိ | ကာမတိဟိတ်ပဋိ-၄ + အရူပ ပဋိသန္ဓေ-၄၊ (၈) |
| ဝိညာဏာစုတိ | ။ + ဝိညာ, အာကိံ, နေဝပဋိ၊ (၇) |
| အာကိံစုတိ | ။ + အာကိံ, နေဝပဋိ၊ (၆) |
| နေဝစုတိ | + နေဝပဋိ၊ (၅) |

ဤကျမ်း နှာ-၇၂ တွင်ရှိ ။

ဤ အနန္တရ (အနန္တရူပနိဿယ)၏အနုဝါဒအရကောက်များကို (ကောက်-၃၉၈)စသည်များ၌ ရှုပါလေ။

http://www.dhammadownload.com



## ပဉ္စာဝါရ ပစ္စနိက

ဤကျမ်း စာမျက်နှာ ၅၂-၅၃ ၌ ပဉ္စာဝါရ ပစ္စနိက်အကြောင်း အကျဉ်းရှင်းပြချက်များပါရှိသည်။ ထပ်ပံ၍ ရှင်းပြပါဦးမည်။ ဤဝါရကို လေ့လာသူ, ပို့ချသူများအလွန်ရှားပါးနေပေသည်။ အခက်ကြီးခက်သည် ကားမဟုတ်။ မလေ့လာမိခြင်းသာ ဖြစ်သည်။ ဆက်လက်လေ့လာနိုင်ရန်ရှင်းပြပါမည်။

ပစ္စနိက်ပစ္စည်းတွန်းဟူသည်ကား မူ, မူလိနှစ်ပါးမှလွတ်သော မျိုးပစ္စည်းတရားတို့၏ ဝိဘင်္ဂသင်္ချာထုတ်၍ (နှ) ပဋိသေဓ မြစ်အပ်သောပစ္စည်းများ၏သင်္ချာမှလွတ်သောတရားကို ရမည်ဖြစ်သည်။

ပုံစံ = န ဟေတုပစ္စယာ နာရမ္မဏေ။

ရင်းပုံစံ၌ ဟေတုအာရမ္မဏ နှစ်မျိုးလုံးမရသော(မူ မူလိနှစ်ပါးမှလွတ်သော)တရားများကို မူလသုဒ္ဓ၌ပင်ရှာရပါမည်။ ထိုတရား များမှ ရအပ်သော သင်္ချာအရ ကတ္တားအရ၊ သမ္ပဒါန်အရ ကောက်ပြီး လျှင် ဝိဓိ အနုဝါဒ အလိုက်ကုန်စင်အောင်ဟောရပါမည်။

**ဆောင်ပုဒ်ကား-**

**၁၊ သ-အဉ်-နိ-သံ၊ အက် ဒသံ၊ ပုရံတေရသ။**

**၂၊ ဝိပ်-အတ်-အဝိ၊ နဝရှိ၊ ကြွင်းသိ ပန္နရသ။**

ပစ္စနိက် သုဒ္ဓသင်္ချာများကို အထူးကျက်စရာမလိုတော့ပဲ ဆိုင်ရာ သဘာဂမျိုးတွင် နှုတ်ခါနှုတ်ခါ ဆိုရမည်။ သဘာဂမျိုးဖြစ်ပါမူ တစုံတရာ နှုတ်ဖွယ်မလို ၎င်းတို့၏ သုဒ္ဓသင်္ချာကိုသာဆိုရမည်။

န ဟေတု-သည် သဟာမျိုးဖြစ်၍ သဟာထဲတွင် ဟိတ် ၆-ပါးကို နှုတ်ရသော်လည်း တရားကိုယ်သာ လျော့၍ (သီးခြားရသောသင်္ချာမရှိ၍) သင်္ချာမလျော့သဖြင့် ကုသလတိက် ပဉ္စာဝါရ အများဆုံးရသောသင်္ချာ "ပန္နရသ" ပင်ဖြစ်သည်။ အာရမ္မဏစသော မျိုးပစ္စည်းတွေထဲမှာလည်း ဟိတ် ၆-ပါး ပါနေ၍ နှုတ်ရဦးမည်ဟု မယောင်မှားလေနှင့်၊ ဟေတုသည် သဟာမျိုးနှင့်သာ သဘာဂဖြစ်၍ အခြားမျိုးထဲမနှုတ်ရပါ၊ သဘာဂမျိုးတူ ထဲကိုသာနှုတ်ရမည်။ 'ပန္နရသ' ရသောပစ္စည်း ဟူသမျှ ဤနည်းချည်းသာတည်း။

### သ–အဉ်–နိ–သံ၊ အက် ဒသံ–ကို ရှင်းပြခြင်း

န သဟဇာတေ ကောဒသ-၌ န သဟဇာတေ ဖြစ်၍ သဟာမျိုးပြုတ်ပြီး အာရမ္မဏစသော ကျန်ပစ္စည်း မျိုးများ၏ သင်္ချာကို ပေါင်းကြည့်ပါ။ (ဤကျမ်းရှိ နှာ ၄၁/၅၁ တို့ရှိ ဇယားပြထားသည်ကား 'ပန္နရသ'ပင်။ အရကောက် ၅၃၅-မှာလည်း သင်္ချာ 'ပန္နရသ' ဖော်ပြသေးသည်) အာနှင့်ဥ တူသည်ဖြစ်၍ အာ-ဥသင်္ချာ တွင် ပစ္ဆာဟာ, ပစ္ဆာကမ္မိဿကမှ (ကုဗျာ-ဗျာ) (အကုဗျာ-ဗျာ) သင်္ချာနှစ်ချက်တိုးလာ၍ ကောဒသဖြစ်၏။ ကျန်ပုရေပစ္ဆာ ကံဟာ က္က-တို့အတွက် သီးခြားသင်္ချာမတိုးပြီ။ သဟနှင့် သဟပုရေမိဿကပြုတ်၍ သဟမျိုး နှင့်သာဆိုင်သော သင်္ချာများဖြစ်သော (ကု-ကုဗျာ၊ အကု-အကုဗျာ၊ ကုဗျာ-ကု၊ အကုဗျာ-အကု) ၄-ချက်မရနိုင်၍ "န သဟဇာတေ ကောဒသ" ဟုဟောသည်။

မိဿသက၊ သဟနှင့်ပုရေဇာတ နှစ်မျိုးစလုံး ကျန်သေးလျှင် သဟဇာတ ပုရေဇာတမိဿကအမြဲရ၏။ သဟသော်ရင်း၊ ပုရေဇာတသော်ရင်းတစ်မျိုးမျိုးပြုတ်လျှင် သဟပုရေမိဿကမရပြီ၊ ပစ္ဆာ-ဟာရ-က္က်တို့ကျန် သေးလျှင် ပစ္ဆာဇာတဟာရ, ပစ္ဆာဇာတိန္ဒြိယမိဿကများရကြ၏။ အာဟာရသာ-ပြုတ်၍ ပစ္ဆာနှင့်က္က်ကျန် သော်ရင်း၊ က္က်သာပြုတ်၍ ပစ္ဆာနှင့်အာဟာကျန်သော်ရင်း မိဿကရသေးသည်။ ပစ္ဆာသော်ရင်း၊ အာဟာက္က နှစ်မျိုးလုံး သော်ရင်း၊ ပြုတ်လျှင် ဤမိဿကများမရတော့ပြီ။

http://www.dhammadownload.com



န အညမညေ ကောဒသ၊ န သမ္ပယုတ္တေ ကောဒသ သဟာမျိုးမပြုတ်၊ သဟာထဲမှ အညမည သမ္ပယုတ္တကို နုတ်လျှင် (ဗျာ) ၅-ချက်ကျန်၏။ သဟာကပြခဲ့သော သင်္ချာ ကောဒသတွင် ဤဗျာ ၅-ချက်ကိုရောသော်လည်း သင်္ချာမတိုးပြီဖြစ်၍ ကောဒသပင်ရတော့၏။

'န နိဿယေ ကောဒသ' ၌ သဟာထပ်တိုးခါ ပုရေမျိုး ပြုတ်သော်လည်း သင်္ချာ အထူးမလျော့တော့၍ ကောဒသပင်ရ၏။

ပုရေဇာတေ တေရသ–ကို ရှင်းပြခြင်း

'န ပုရေဇာတေ တေရသ' ၌ သဟာနှင့် ပုရေနှစ်မျိုးစလုံးရှိမှသာ သဟာပုရေမိဿကကို ရနိုင်ရာ ယခုပုရေပြုတ်သဖြင့် ဤမိဿကဆိုင်ရာ (ကုဗျာ-ကု) (အကုဗျာ-အကု) နှစ်ချက်မရ၍ သင်္ချာ "တေရသ"ဖြစ်ရ၏။

ဝိပ်–အတ်–အဝိ၊ နဝရှိ–ကို ရှင်းပြခြင်း

န ဝိပ္ပယုတ္တေ နဝ၊ သဟာတွင် ဝိပ္ပယုတ္တကို နုတ်လျှင် နာမ်သက်သက်နှင့် ဘုတ်သာကျန်၍ (ကု-ကု) (အကု-အကု) (ဗျာ-ဗျာ) ဟုသုံးချက်ရ၏။ အာ-ဥ တွင် ဤသုံးချက်ပါပြီးဖြစ်၍ သင်္ချာမတိုးနိုင်၊ ပုရေပစ္ဆာတို့ ပြုတ်ကျ၍ မိဿကသုံးစခုလုံး မရနိုင်ရကား ဤ၌ 'နဝ'ပင်ဖြစ်ရ၏။

နော အတ္ထိယာ နဝ၊ နော အဝိဂတေ နဝ၊ အာ-ဥ နှင့် ကံသာကျန်၏၊ မိဿကများလည်းမရ သင်္ချာလည်းမရှိ၍ နဝပင်။

ဒုက ဆောင်ပုဒ်

၃၊ အာ-ဥ-နှစ်ဝ၊ လျော့တုံက၊ သင်္ချာတေရသ။

၄၊ ပစ္ဆာသဟာ၊ လျော့တုံက၊ သင်္ချာနဝသာ။

န အာရမ္မဏေ၊ န ဥပနိဿယေ - (ကု-အကု) (အကု-ကု) ရင်းသင်္ချာများကား-အာ-ဥ နှစ်မျိုးနှင့်သာ ဆိုင်၍ နိက်၌ ထိုသင်္ချာ နှစ်ချက်လျော့၍ 'ပန္နရသ' မှ 'တေရသ' ဖြစ်တော့သည်။

ပစ္ဆာသဟာ၊ လျော့တုံက၊ သင်္ချာနဝသာ-ကို ရှင်းပြခြင်း

န ပစ္ဆာ န သဟာ ဤနှစ်ပစ္စည်းပြုတ်၍ မိဿကများလုံးဝ မရတော့ပြီ၊ အာ-ဥ နဝ တွင် ပုရေ ကံ ဟာ က္ကံ တို့ကို ရောသော်လည်း သင်္ချာမတိုးပြီ။

တိကာဒိ ဆောင်ပုဒ်များ ဆက်ရှုပါ--

တိကာဒိ ဆောင်ပုဒ်များ

၅၊ အာ-ဥ-ပုရေ၊ လျော့တုံက၊ သင်္ချာ နဝသာ။

၆၊ အာ-ဥ-သဟာ၊ လျော့တုံက၊ သင်္ချာ သတ္တသာ။

၇၊ အာ-ဥ-အည၊ လျော့တုံက၊ သင်္ချာ သတ္တသာ။

၈၊ အာ-ဥ-သမ္ပ၊ လျော့တုံက၊ သင်္ချာ သတ္တသာ။

၉၊ အာ-ဥ-သဟာ၊ ပုရေဇ၊ လျော့က ပဉ္စသာ။

၁၀၊ အာ-ဥ-ဝိပ္ပ၊ လျော့တုံက၊ သင်္ချာ ပဉ္စသာ။

၁၁၊ အာ-ဥ-သဟာ၊ ပစ္ဆာဇ၊ လျော့ကပဉ္စသာ။

၅–ဆောင်ပုဒ် ရှင်းပြခြင်းကို ဆက်ရှုပါ --

http://www.dhammadownload.com



### ၅–ဆောင်ပုဒ် ရှင်းပြခြင်း

န အာရမ္မဏ န ဥပနိဿယ န ပုရေဇာတေ သဟ ပစ္စာ ကံ ဟာ ဣ ကျန်၏၊ သဟ၏ နဝ တွင် ပစ္စာ ဣ မိဿက ရောသော်လည်း သင်္ချာ တိုးမလာ၍ နဝ ပင်မှတ်ပါ။

### ၆–ဆောင်ပုဒ် ရှင်းပြခြင်း

န အာ န သဟ န ဥပ ပုရေ ပစ္စာ ကံ ဟာ ဣ ကျန်၏၊ ပုရေနှင့် ပစ္စာပေါင်း သင်္ချာ ပဥ္စ၊ မိဿက နှစ်ချက်တိုးကာ သတ္တဖြစ်၏။

### ၇–၈ – ဆောင်ပုဒ်များ ရှင်းပြခြင်း

နအာ နအည နဥပ- အညသာလျော့၍ ဗျာ-ငါးချက် တိုးလာသော်လည်း သင်္ချာ မတိုးပဲ အာ ဥ သဟ ကဲ့သို့ သတ္တ ပင်ဖြစ်၏။ သံ-လည်းတူ၏။

### ၉–ဆောင်ပုဒ် ရှင်းပြခြင်း

နအာ နသဟ နဥပ နပုရေ ပစ္စာ ဟာ ကံ ဣ သာကျန်၏၊ ပစ္စာတိက၏ တွင် ပစ္စာဟာ ပစ္စာဣ မိဿက နှစ်ချက်တိုးသဖြင့် ပဥ္စဖြစ်၏။

### ၁၀– ဆောင်ပုဒ် ရှင်းပြခြင်း

နအာ နဥပ နဝိပ္ပ သဟတွင်ဝိပ်နှုတ်ရာ သင်္ချာ တိက၏၊ ၎င်းတွင် ကမ္မမှ (ကု-ဗျာ) (အကု-ဗျာ) နှစ်ချက် တိုး၍ ပဥ္စ ဖြစ်၏။ ဝိပ္ပယုတ်ဆိုသဖြင့် ပုရေမျိုး ပစ္စာမျိုးလည်းပြုတ်လေပြီ။

### ၁၁– ဆောင်ပုဒ် ရှင်းပြခြင်း

နအာ နသဟ နဥ နပစ္စာ ပုရေ ကံ ဟာ ဣ သာကျန်တော့၍ သင်္ချာ ပဥ္စသာ ရှိတော့သည်။

စဉ်းစားရန်မှာ ဟောလိုသောပစ္စည်းသည် မျိုးပါ ပြုတ်သောပစ္စည်းလော၊ တရားသာလျော့၍ သင်္ချာ အထူးမလျော့သောပစ္စည်းလော၊ တရားလည်းလျော့ သင်္ချာလည်းလျော့သော ပစ္စည်းလောဟု သဘောကို ထောက်ဆပြီးလျှင် ကြွင်းကျန်သော သင်္ချာ ကြွင်းသောမျိုးသင်္ချာတို့ကိုပေါင်း၍ သင်္ချာထုတ်ပါ၊ ဆောင်ပုဒ် သဘောမိလျှင် အားလုံးကိစ္စ ပြီးပါ၏။

### အနုလောမ ပစ္စနိက်တွန်း

ပစ္စည်းတွန်းနည်းများ ဤကျမ်း ၇၇-တွင် အတော်ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။ ပြန်ကြည့်ပါလေ။ အနုလောမ ပစ္စနိက်တွန်း ဟူသည်မှာ မူ-သာရ၍ မူလီမရသောတရားများကို ကိုင်၍ ဆိုးရိုးကျတွန်းရသည်။ မူလီပစ္စည်းကို (န) ပဋိသေဓ မြစ်ရမည်။

ပစ္စနီယာနုလောမတွန်းကား မူ-မရ၊ မူလီသာရသောတရားကို သုဒ္ဓသင်္ချာခြင်း ယှဉ်စပ်ကြည့်ကာ တွန်းသည်။ မူ ကို (န) ပဋိသေဓ မြစ်ရမည်။ ပါဠိတော်, အရကောက်များနှင့်ယှဉ်ကြည့်ပါ။ လေးချက်လှည့် ရာ၌ ပါဠိတော်သွားနည်းအတိုင်း မသွားပဲ နားလည်စေရန် ရည်သန်၍ အရကောက်ဆရာတော်သည် လေးချက်လှည့်ကာ ပြတော်မူသည်။ ထို့ကြောင့် ပစ္စည်းတွန်းများနှင့်ပစ္စနိက်, အနုလုံများဟောရာ၌ အရကောက်နှင့်ပါဠိတော်ကို တွဲစပ်ပြီးကြည့်မှသာလျှင် ပိုမိုသဘောပေါက်ပါမည်။

တိကာဒိ တွန်းပုံကိုလည်း ဤကျမ်း ၇၈-၌ညွှန်ပြထားပါသည်။ ကြည့်တော်မူပါလေ။

http://www.dhammadownload.com



## ပဥ္စာဝါရ အနုဝါဒ အရကောက်ထူးများ

သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ-

အာရမ္မဏပစ္စည်း ။ အကု-ကု။ သေက္ခာ၊ သေက္ခဟု ဆိုအပ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ် တို့သည်။ပဟီနေ၊ မိမိမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ဝိက္ခမ္ဘိတေ၊ မိမိမဂ်ဖြင့်ပယ်ခွါအပ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။

သောတာပန်ဖြစ်အံ့-"သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ" အရကို သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ရှစ်ပါးယူ၍- သေက္ခာ ပစ္စဝေက္ခန္တိ-အရကို သောတာပန် သန္တာန်၌ဖြစ်သောဆင်ခြင်သော ကာမကုသိုလ်ရ၏။

သကဒါဂါမ်ဖြစ်အံ့-"သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ"အရကို သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာရှစ်ပါး ယူ၍"သေက္ခာ ပစ္စဝေက္ခန္တိ"အရကို သကဒါဂါမ်သန္တာန်၌ဆင်ခြင်သော ကာမကုသိုလ်ရ၏။(ကောက်-၃၇၇)

အနာဂါမ်ဖြစ်အံ့-သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ-အရကအနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ, အရူပရာဂဟုဆိုအပ်သော လောဘတစိတ်။ မောဟ. မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ၇ ပါးယူ၍ သေက္ခာ ပစ္စဝေက္ခန္တိ-အရကို အနာဂါမ်သန္တာန်၌ ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ" ပဟီနေ ကိလေသေ၏အရကို ရူပရာဂ, အရူပရာဂ-ဟုဆိုအပ်သော လောဘတစိတ်၊ မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ၇ ပါးယူ၍၊ "အရဟာ ပစ္စဝေက္ခတိ" အရကို ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍ ပယ်အပ်သော ကိလေသာသည်ဆင်ခြင်သော ကာမကြိယာရ၏။ (ကောက်-၃၇၉)

ဥပနိဿယပစ္စည်း ။သီလံ ဥပနိဿာယ ဒါနံ ဒေတိ-စသည်၌ "သီလံ" အရ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ။ "ဒါနံ ဒေတိ" အရ ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ။

"သုတံ" အရကို သုတမယဉာဏ်ပြဋ္ဌာန်းသော ကာမကုသိုလ် ဉာဏသမ္ပယုတ်ကိုယူ။

"စာဂံ" အရကို အလောဘပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ။

"ပညံ" အရကို ပညာပြဋ္ဌာန်းသော မဟာကု သိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ။ (ကောက်-၄၁၄)

မဂ္ဂေါ သေက္ခာနံ အတ္ထုပ္ပတ္တိသမ္ဘိဒါယ - ၌ (ကောက်-၄၁၅)

မဂ္ဂေါ-အရ အောက်မဂ် ၃-ခုယူ၍၊ သေက္ခာနံ (အတ္ထုပ္ပတ္တိသမ္ဘိဒါယ)-အရ အောက်ဖိုလ် ၃-ယောက်ကိုယူ။

(ကု-အကု) သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ ရာဂဿ၊ ဒေါသဿ၊ မောဟဿ-၌ သဒ္ဓါ-စသည်၌ သဒ္ဓါ-ပညာပြဋ္ဌာန်းသော လောကီကုသိုလ်ကိုယူ၊ "ရာဂဿ" အရ ဤတရားငါးပါးနှင့်ပြည့်စုံသည်ဟူ၍ မိမိ ကိုယ်ကို ချီးမြှောက်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကိုယူ။ "ဒေါသဿ" အရ သူတပါးကို နှိပ်စက်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ။ "မောဟဿ" အရ အတ္တုက္ကံသန, ပရဝမ္ဘန မိမိကိုယ်ကို ချီးမြှောက်ခြင်း၊ သူတပါးကို နှိပ်စက်ခြင်းနှစ်ပါးဖြစ်သောအခါ မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ရ၏။(ကောက်-၄၁၇)

(အကု-အကု) "မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ"အရ ဒြပ်ပြား, သဏ္ဌာန်ပြားသောမာတုဃာတကကံ, ရှေးဘဝကသတ်ခဲ့ဘူးသော မာတုဃာတက ကံ, ဤဘဝတွင် အဖန်တလဲလဲစေ၍ သတ်စေသောမာတုဃာ တက ကံ, နှစ်ကြိမ်ရိုက်ဆော်၍ သတ်သောမာတုဃာတက ကံကိုယူ၊ "မာတုဃာတိကမ္မဿ"အရ ဖြစ်ဆဲသော မာတုဃာတက ကံကိုယူ။ (ကောက်-၄၂၁) (ကျန် အနုဝါဒအရကောက်တို့ကို အရကောက်၌သာရှုပါလေ)

http://www.dhammadownload.com



## ပထမကြီးတန်း ပဋ္ဌာန်းအလင်းရောင် (၂၀၁၀-စက်တင်ဘာလ)

## ဓမ္မဒါန အလှူရှင်များစာရင်း

| | | |
|---|---|---|
| ၁။ | ပဲခူးမြို့၊ ချမ်းမြေ့ဇေယျာစာသင်တိုက် ဆရာတော် ဦးဥက္ကံသာလင်္ကာရ | ၅၀၀၀၀၊ |
| ၂။ | ဒေါ်ကုလမဏိနှင့်ဒေါ်မင်္ဂလာစာရီ၊ ရွှေဂွန်းသီလရှင်စာသင်တိုက်၊ ဗဟန်း | ၃၀၀၀၀၊ |
| ၃။ | ကျောင်းတိုက် ယမိုက်စာဝါလိုက် ပထမကြီး သီလရှင်ဆရာလေးများ | ၇၄၀၀၀၊ |
| ၄။ | မဝရဉာဏီ၊ ကျောက်တန်းကျောင်း၊ ဗဟန်း(၁)လမ်း၊ | ၂၀၀၀၀၊ |
| ၅။ | ဦးဝင်းမြင့်+ဒေါက်တာ ဒေါ်ရင်ရင်ကြည် သား မောင်ဝေဖြိုးမြင့်၊ မောင်နေဦး၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ အားလုံး | ၃၀၀၀၀၀၊ |
| ၆။ | ဓမ္မဗျူဟာ ယမိုက်သင်တန်း ဒါယကာ ဒါယိကာမများ | ၁၂၀၀၀၀၊ |
| ၇။ | ၁၃၇၂-ခုနှစ်၊ (ကျောင်း)မူလခန္ဓသင်းတန်းသား/သူများ (၂၀-၇-၂၀၁၀) | ၇၂၀၀၀၊ |
| ၈။ | ၁၃၇၂-ခုနှစ်၊ (ကျောင်း)ပဋ္ဌာန်းသင်းတန်းသား/သူများ (၂၀-၇-၂၀၁၀) | ၅၂၀၀၀၊ |
| ၉။ | ဒေါ်ချိုချိုဝင်း(၂၄-၈-၂၀၁၀)နေ့၌(၅၄)နှစ်ပြည့်အမှတ်တရဓမ္မဒါနအလှူ | ၃၀၀၀၀၊ |
| ၁၀။ | ဖခင်ကြီး ဦးစိန်ဝင်း+မိခင်ကြီးဒေါ်ခင်ညွန့်တို့အား ရည်စူး၍ ဦးသက်နောင်+ဒေါ်ရှုမေ မိသားစု | ၁၀၀၀၀၊ |
| ၁၁။ | ဦးလှသိန်းမောင်+ဒေါ်ဝမ်းတင်ကြည်မွေးနေ့ကုသိုလ်(သာကေတ)(၂၁၊၈၊၁၀) | ၃၀၀၀၀၊ |
| ၁၂။ | (၂၁-၈-၁၀) မွေးနေ့ လာရောက်ကန်တော့ကြသူများ | ၂၂၀၀၀၊ |

**ပို့ချစဉ် စီဒီခွေတ်ပြားများ အခမဲ့ကူးယူနိုင်ပါပြီ**

ပဋ္ဌာန်းပို့ချစဉ်/ယမိုက် အထက်/အောက်ပို့ချစဉ် စီဒီ ခွေတ်ပြားများ ဗဟန်း၊ ညောင်တုန်းကျောင်းတိုက်သို့ လာရောက်၍အခမဲ့ကူးယူနိုင်ကြပါပြီ။

**"အမတံ ဒဒေါစ သော ဟောတိ"** ॥ တရားအလှူ ပေးလှူသူ
နိဗ္ဗူ နိဗ္ဗာန် လှူသည်မှန်၏။

**'ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ '** ॥ (ပဋ္ဌာန ပါဠိ)
ရှေးကပြုဘူး၊ ကုသိုလ်ထူး၊ ကြည်နူးဆင်ခြင်လျှင်။
ကောင်းကျိုးတရား၊ များစွာပြား၊ ရခြားကြသည်ပင်။